ကြေးမုံ
The Mirror
၁၃၇၂ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁ ရက်၊ သောကြာနေ့၊ (18-2-2011) (ဖြေ၇၉)


| နိုင်ငံရေး ဦးတည်ချက် (၄)ရပ် | စီးပွားရေး ဦးတည်ချက် (၄)ရပ် | လူမှုရေး ဦးတည်ချက် (၄)ရပ် |
|---|---|---|
| * နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး<br>* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး<br>* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး<br>* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး | * စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး<br>* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး<br>* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး<br>* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး | * တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး<br>* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး<br>* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး<br>* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး |

# ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ပုံမှန်အစည်းအဝေး အဋ္ဌမနေ့ကျင်းပ

## ပြည်ထောင်စုတရားသူကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးသင့်သည့် ပုဂ္ဂိုလ်၏ အမည်စာရင်းကို ပြည်ထောင်စုလွှတ်တော်၏ သဘောတူညီချက်ရယူ

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌအဖြစ် ခန့်အပ်တာဝန်ပေးသင့်သည့် ပုဂ္ဂိုလ်၏ အမည်စာရင်းကို ပြည်ထောင်စုလွှတ်တော်သို့တင်ပြ

နေပြည်တော် ဖေဖော်ဝါရီ ၁၇

**ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ပုံမှန်အစည်းအဝေး အဋ္ဌမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော်ခန်းမ၌ ကျင်းပရာ ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့်၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။**

အစည်းအဝေးတွင် လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးမြင့်သိန်းက အခမ်းအနားမှူးအဖြစ် ဆောင်ရွက်သည်။

ရှေးဦးစွာ ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့် ရောက်ရှိနေရာယူသည်။ ယင်းနောက် ပြည်ထောင်စုလွှတ်တော် နာယက က ယနေ့ကျင်းပသည့် အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ် (၆၅၈) ဦးရှိသည့် အနက် (၆၅၅)ဦး တက်ရောက်သည့်အတွက် ရာခိုင်နှုန်းအားဖြင့် (၉၉ ဒသမ ၅၄) ရာခိုင်နှုန်းတက်ရောက်သဖြင့် ပထမအကြိမ် ပြည်ထောင်စုလွှတ်တော်ပုံမှန်အစည်းအဝေး အဋ္ဌမနေ့ အထမြောက် ကြောင်းနှင့် အစည်းအဝေးကို စတင်ကျင်းပကြောင်း ကြေညာသည်။

အစီအစဉ်အရ နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက် ခံထားရသူက

**စာမျက်နှာ ၃ ကော်လံ ၁ သို့** ❖

**ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ပုံမှန်အစည်းအဝေး အဋ္ဌမနေ့ ကျင်းပစဉ်။** (သတင်းစဉ်)

(18-2)01.pmd 1 2/18/2011, 1:09 AM

The Mirror
၁၈-၂-၂၀၁၁
(သောကြာနေ့)

# စာကြည့်တိုက်များဖွံ့ဖြိုးဝေဆာ စာပေဆက်လက်လေ့လာ

မြန်မာ့လူ့အဖွဲ့အစည်းသည် ရှေးနှစ်ပေါင်းများစွာကပင် ပညာရေး အခြေခံကောင်းများ ဖြစ်ထွန်းရှင်သန်ခဲ့သည်။ ကျန်းမာသန်စွမ်းပြီး ပညာရည်မြင့်မားသည့် နိုင်ငံသူ၊ နိုင်ငံသားများကသာ နိုင်ငံနှင့်လူမျိုး ဖွံ့ဖြိုးတိုးတက်ရေး ဖော်ဆောင်ပေးနိုင်မည်။ နိုင်ငံတကာနှင့် ရင်ပေါင်တန်းရပ်တည်နိုင်ရေး စွမ်းဆောင်ပေးနိုင်မည် ဖြစ်သည်။

ယခုအခါ ကျောင်းပညာရေးနှင့် ကျောင်းပြင်ပပညာရေးလုပ်ငန်းများကို စနစ်တကျ အကောင်အထည်ဖော်နိုင်မှုကြောင့် ဟန်ချက်ညီညီ တိုးတက်ဖြစ်ထွန်းနေပြီ။ နိုင်ငံတစ်ဝန်း၌ မူလတန်း၊ မူလတန်းလွန်၊ အလယ်တန်းနှင့် အထက်တန်းအဆင့် ကျောင်းပေါင်း လေးသောင်းကျော် ဖွင့်လှစ်ထားရာ ကျောင်းနေအရွယ်ကလေးတိုင်း အခြေခံပညာအဆင့်အလိုက် လွယ်ကူစွာ သင်ယူနိုင်နေကြပြီ။

လူတိုင်းအတွက် ပညာရေးရည်မှန်းချက်နှင့်အညီ စာတတ်မြောက်ရေး လုပ်ငန်းများကို အစဉ်တစိုက်ကြိုးပမ်းလျက်ရှိသည်။ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ ပညာရေးဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံ ပြည်သူများ၏ ပူးပေါင်းပါဝင်မှုဖြင့် အခြေခံစာတတ်မြောက်ရေးလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်နိုင်လျက်ရှိသည်။ ၂၀၁၀ခုနှစ်အထိ သက်ကြီးစာတတ်မြောက်မှုနှုန်းသည် ၉၄ ရာခိုင်နှုန်းကျော်သို့ ရောက်ရှိလာခဲ့ပေပြီ။

စာတတ်မြောက်ပြီးသူတိုင်း စာဖတ်သည့်အလေ့အထ စွဲမြဲလာရေး၊ စာဖတ်ရှိန် မြှင့်တင်နိုင်ရေး စာကြည့်တိုက်များ ဖွင့်လှစ်ပေးလျက်ရှိသည်။ နိုင်ငံတစ်ဝန်း၌ ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ပေါင်း ငါးသောင်းကျော်အထိရှိနေပြီ။ နိုင်ငံတော်နှင့်အတူ စေတနာရှင်ပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့များ ပူးပေါင်းအားထုတ်မှုဖြင့် စာကြည့်တိုက်များ တိုး၍ ဖွင့်လှစ်နေဆဲဖြစ်သည်။

မကြာသေးမီက ပုလဲမြို့နယ် အိုင်းမကျေးရွာ၊ သထုံမြို့နယ် ဒဂ်ီးဆိပ်ကျေးရွာ၊ ခရမ်းမြို့နယ် စခန်းကြီးကျေးရွာနှင့် အုန်းပင်ကြီးကျေးရွာတို့၌ စာကြည့်တိုက်အဆောက်အအုံသစ်များ၊ စာကြည့်တိုက်များ ထပ်မံဖွင့်လှစ်ခဲ့သည်။ စာကြည့်တိုက်အဆောက်အအုံ၊ ပရိဘောဂ၊ စာအုပ်စာစောင်များ လှူဒါန်းကြသည်။ စာကြည့်တိုက်များ ရေရှည်ခိုင်မာရှင်သန်ဖွံ့ဖြိုးရေး ဆက်လက်ဆောင်ရွက်ကြရပေဦးမည်။

နိုင်ငံ၏စာတတ်မြောက်မှုနှုန်း မြင့်မားလာမှုသည် တစ်မျိုးသားလုံးအတွက် ဂုဏ်ယူဖွယ်ရာဖြစ်သည်။ စာတတ်မြောက်ပြီးသူများ တတ်မြောက်ပြီးသည့်စာ မမေ့ရေး အရေးကြီးသည်။ စာပေဆက်လက်ဖတ်ရှုစေရေး စာဖတ်ရှိန် မြှင့်တင်ရေး ကြိုးပမ်းရဦးမည်။ စာတတ်သူတိုင်းလည်း စာပေဖတ်ရှုကြရန် လိုအပ်သည်။ လက်လှမ်းတမီ စာပေလေ့လာနိုင်သည့် စာကြည့်တိုက်များ တိုးပွားဝေဖြာလျက်ရှိရာ ပြည်သူတိုင်းက နေ့စဉ် စာပေမပြတ်ဖတ်ရှုကြခြင်းဖြင့် အသိပညာဗဟုသုတ အတွေးအခေါ်များ ပိုမိုတိုးတက်မြင့်မားလာမည်ဖြစ်ပါသည်။ ။

## ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

# ဝန်ကြီး ဦးဌေးဦးအား UNOPS ဌာနေကိုယ်စားလှယ် လာရောက်တွေ့ဆုံ

**နေပြည်တော် ဖေဖော်ဝါရီ ၁၇**

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဦးဌေးဦးအား ကုလသမဂ္ဂ စီမံကိန်းဝန်ဆောင်မှုလုပ်ငန်းအဖွဲ့ (United Nations Office for The Project Services - UNOPS)မှ ဒါရိုက်တာနှင့် ဌာနေကိုယ်စားလှယ်ဖြစ်သူ Mr. Sanjay Mathur သည် ယမန်နေ့မွန်းတည့် ၁၂နာရီတွင် နေပြည်တော်ရှိ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးရုံး ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးအတွက် လယ်ယာကဏ္ဍနည်းပညာ ပူးပေါင်းဆောင်ရွက်မှု ပိုမိုတိုးမြှင့်ရေးနှင့် စားနပ်ရိက္ခာဖူလုံရေးနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ဖွံ့ဖြိုးရေး မတည်ရန်ပုံငွေ Livelihood and Food Security Trust Fund - LIFT ဖြင့် ပူးပေါင်းဆောင်ရွက်သော စီမံကိန်းများဆိုင်ရာကိစ္စရပ်များ ဆွေးနွေးကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# နိုင်ငံတကာသယ်ယူပို့ဆောင်ရေးနှင့် ထောက်ပံ့ပို့ဆောင်ရေးဆိုင်ရာ အခြေခံသင်တန်းဖွင့်လှစ်မည်

**ရန်ကုန် ဖေဖော်ဝါရီ ၁၇**

ပို့ဆောင်ရေးဝန်ကြီးဌာန ပို့ဆောင်ရေးဦးစီးဌာန၏ စီမံခန့်ခွဲမှု၊ UNESCAP ၏ ပံ့ပိုးမှုနှင့် မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်နှင့် မြန်မာနိုင်ငံ အပြည်ပြည်ဆိုင်ရာ ကုန်စည်ပို့ဆောင်ရေးဝန်ဆောင်မှု လုပ်ငန်းရှင်များအသင်း (MIFFA) တို့၏ စီစဉ်ဆောင်ရွက်မှုဖြင့် မြန်မာနိုင်ငံအတွင်း နိုင်ငံတကာ သယ်ယူပို့ဆောင်ရေးနှင့် ကူးသန်းရောင်းဝယ်ရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရေးနှင့် Freight Forwarding Industry စွမ်းဆောင်ရည် တိုးမြှင့်လာနိုင်ရေးတို့အတွက် "နိုင်ငံတကာ သယ်ယူပို့ဆောင်ရေးနှင့် ထောက်ပံ့ပို့ဆောင်ရေးဆိုင်ရာ အခြေခံသင်တန်း Foundation Course on International Transport and Logistics UNESCAP-FITL (1/2011)"ကို မတ် ၅ ရက်နှင့် ၆ ရက်တို့တွင် UMFCCI (၅)လွှာရှိ (MIA) သင်တန်းခန်းမ၌ ဖွင့်လှစ်မည်ဖြစ်သည်။

ယင်းသင်တန်းသို့ အခြေခံအင်္ဂလိပ်ဘာသာတတ်ကျွမ်းသူများ၊ သယ်ယူပို့ဆောင်ရေးနှင့် နိုင်ငံတကာကူးသန်းရောင်းဝယ်ရေးလုပ်ငန်းများကို လက်တွေ့ဆောင်ရွက်လုပ်ကိုင်နေသူများ မည်သူမဆို တက်ရောက်နိုင်ကြပြီး MIFFA အသင်းရုံး တည်ရှိရာ ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်း အမှတ်(၂၉)ရှိ UMFCCI Office Tower အခန်းအမှတ်(၃) လေးလွှာ ဖုန်း -၂၁၄၈၄၇သို့ ဖေဖော်ဝါရီ ၂၈ ရက် နောက်ဆုံးထား၍ စာရင်းပေးနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

**ငပုတောမြို့နယ်စည်ပင်သာယာရေးအဖွဲ့ မဂ္ဂင်လမ်းတစ်လျှောက် မြေယာရှုခင်းအလှပုံဖော်၍ ပန်းအလှပင်များစိုက်ပျိုးဆောင်ရွက်ထားမှုကို ဧရာဝတီတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်မင်းနိုင် ကွင်းဆင်းစစ်ဆေးခဲ့ပြီး ငပုတောမြို့မဈေးအတွင်း မီးသတ်ရေစင်တည်ဆောက်နေမှုကို အမှုဆောင်အရာရှိ ဦးတိုးမြင့်အောင် ရှင်းလင်းတင်ပြစဉ်။** (မြို့နယ်စည်ပင်)

## မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

**၁၈-၂-၂၀၁၁ (သောကြာနေ့)**

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၇း၀၀ | ၁။ | တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော် ယောဆရာတော် ဟောကြားတော်မူသောဥပ္ပါတသန္တိပါဠိတော် |
| ၇း၃၀ | ၂။ | နံနက်ခင်းသတင်း |
| ၇း၄၀ | ၃။ | မြတ်ဂုဏ်တော်သခင် (သန်းမြတ်စိုး၊ တေးရေး-မောင်မောင်လတ်) |
| ၇း၄၅ | ၄။ | သံသာချိုအေးမင်္ဂလာတေး |
| ၈း၅၅ | ၅။ | သက်ရှည်ကျန်းမာလေ့ကျင့်ပါ |
| ၈း၀၅ | ၆။ | ကြေးမုံရိပ်သွင် တေးနှုယဉ် |
| ၈း၁၅ | ၇။ | အဆိုပြိုင်ပွဲ |
| ၈း၂၅ | ၈။ | အသက်ကလေးရယ်တဲ့ ရှည်စေလို |
| ၈း၄၀ | ၉။ | International News |
| ၈း၄၅ | ၁၀။ | တေးဂီတအစီအစဉ် |
| ၉း၀၀ | ၁၁။ | အစီအစဉ်ပြီး၏။ |

**ညပိုင်း**

| | | |
|---|---|---|
| ၄း၀၀ | ၁။ | စစ်ချီတေး၊ စစ်သည်တေး |
| ၄း၁၀ | ၂။ | တေးဂီတအစီအစဉ် |
| ၄း၂၀ | ၃။ | ပြည်ထောင်စုတိုင်းရင်းသားရိုးရာ တေးသံသာ |
| ၄း၃၀ | ၄။ | နှောင်းခေတ်တေးပဒေသာ |
| ၄း၄၀ | ၅။ | ၂၀၁၁ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဘာသာရပ်ဆိုင်ရာ သင်ခန်းစာ(သမိုင်းဘာသာရပ်) |
| ၅း၀၀ | ၆။ | မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ |
| ၅း၀၅ | ၇။ | မြန်မာစာမြန်မာစကား |
| ၅း၂၀ | ၈။ | စုပေါင်းညီညာပြတဲ့ပွဲ ကျေးချောင်းရွာမှ ထမနဲပွဲ |
| ၅း၃၀ | ၉။ | "ရိုးသားဖြူစင် ကလေးတို့အသွင်" |
| ၆း၀၀ | ၁၀။ | ညနေခင်းသတင်း |
| ၆း၁၅ | ၁၁။ | မိုးလေဝသအခြေအနေ |
| ၆း၂၀ | ၁၂။ | ရသစုံလင် အင်တာနက်ဥယျာဉ် |
| ၇း၀၀ | ၁၃။ | **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်သူနယ်နိမိတ်" (ဒုတိယတွဲ) (အပိုင်း-၁၂)** |
| ၈း၀၀ | ၁၄။ | ပြည်တွင်းသတင်း |
| | ၁၅။ | နိုင်ငံတကာသတင်းများ |
| | ၁၆။ | မိုးလေဝသအခြေအနေ |
| | ၁၇။ | "လျှပ်တစ်ပြတ် ဟာသများ" |
| | ၁၈။ | **နိုင်ငံခြားဇာတ်လမ်းတွဲ "စိတ်ကူးနဲ့ကြမ္မာ" (အပိုင်း-၂၉)** |
| | ၁၉။ | သီချင်းချစ်သူ(မျိုးကျော့မြိုင်) |
| | ၂၀။ | "သီတဂူဆရာတော် ဒေါက်တာ အရှင်ဉာဏိဿရ၏ တပို့တွဲလပြည့် သီတဂူ ဩဝါဒပါတိမောက် အခါတော်နေ့ တရားတော်" |
| | ၂၁။ | မင်းကွန်းဆရာတော်ကြီး၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာပွားများခြင်း တရားတော် |
| | ၂၂။ | အစီအစဉ်ပြီး၏။ |

## True Value မှ Security Solution ပြသမည်

**ရန်ကုန် ဖေဖော်ဝါရီ ၁၇**

LUCKY BIRD GROUP၏ လုပ်ငန်း တစ်ခုဖြစ်သည့် True Value Solution မှ (Electronic Article Surveillance System ) နှင့် Security Solution များကို ဖေဖော်ဝါရီ ၁၈ နှင့် ၁၉ရက်တို့တွင် Strand Hotel၌ ကျင်းပမည့် Software & Solution Exhibition 2011တွင် ပြသသွားမည်ဖြစ်သည်။

အဆိုပါ EAS System သည် အဆင့်မြင့်လုံခြုံရေးစနစ်သုံး Electronic Article Surveillance System စနစ်ဖြစ်ပြီး စတိုးဆိုင်၊ စူပါမားကတ်ကြီးများ၊ အဝတ်အထည်ဆိုင်များ၊ စာကြည့်တိုက်များ၊ ရုံးသုံး၊ လုပ်ငန်းသုံးများအတွက် နည်းပညာကို အသုံးပြု၍ မလိုလားအပ်သော ဆုံးရှုံးမှုများကို ကာကွယ်ပေးသည့် စနစ်တစ်ခုဖြစ်သည်။ မိမိတို့၏ ကုန်ပစ္စည်းများပေါ်တွင် RFID Tag များကို တပ်ဆင်ထား၍ မိမိတို့ဆိုင်၊ လုပ်ငန်း၏ အဝင်အထွက်ပေါက်များတွင် Detection Zone တစ်ခုတပ်ဆင်ထားရမည်ဖြစ်သည်။ အဆိုပါ RFID Tag တပ်ဆင်ထားသော မိမိတို့၏ ကုန်ပစ္စည်းများသည် ငွေမရှင်းရသေးမီ (သို့) Authorized ပုဂ္ဂိုလ်မှ အသိအမှတ် မပြုရသေးမီ Detection Zone မှ ဖြတ်၍ ထွက်ခွာသွားပါက Alarm မှ အသံမြည်လာ၍ အထူးကောင်းမွန်သော လုံခြုံရေးစနစ်ဖြစ်သည်။ အဆိုပါ RFID Tag များကို ပြန်လည်ဖြုတ်ယူ၍ အကြိမ်ကြိမ်အသုံးပြုနိုင်သည်။

ထို့အပြင် TRUE VALUE မှ လုံခြုံရေးစနစ်အတွက် CCTV ကင်မရာများ တပ်ဆင်ပေးခြင်းလုပ်ငန်း၊ ယာဉ်များပေါ်တွင် Black Box Camera တပ်ဆင်ပေးခြင်းလုပ်ငန်း၊နေအိမ်/ရုံးများအတွက် Wireless Home Alarm System များ တပ်ဆင်ပေးခြင်းလုပ်ငန်း၊ မိမိယာဉ်များ၏ ရောက်ရှိရာနေရာကို အချိန်နှင့်တစ်ပြေးညီ သိနိုင်သည့်စနစ် Real Time Tracking System စသည်တို့ကို ဝန်ဆောင်မှုပေးလျက်ရှိသည်။ ယာဉ်မျိုးစုံပေါ်တွင် တပ်ဆင်နိုင်သော Black Box Camera များကို တပ်ဆင်အသုံးပြု၍ ယာဉ်သွားရာလမ်းကြောင်း တစ်လျှောက်ရှိ ဗီဒီယိုပုံရိပ်များနှင့် အသံများကို ပြန်လည်ကြည့်ရှုနိုင်သည်။ Real Time Tracking System သည် မိမိ၏ ယာဉ်ပေါ်တွင် GPS စနစ်ပါသော ကိရိယာကို တပ်ဆင်ပေးထားပြီး မိမိ၏ နေအိမ် (သို့)ရုံးမှ အဆိုပါ ယာဉ်ရောက်ရှိနေရာကို အချိန်နှင့် တစ်ပြေးညီသိရှိနိုင်သည့် စနစ်ဖြစ်သည်။ Wireless Home Alarm System သည် မိမိအိမ်သို့ ကျူးကျော်ဝင်ရောက်ခြင်းများ၊ မီးလောင်ခြင်းများကို အလိုအလျောက် ကျယ်လောင်သော အသံဖြင့် ပတ်ဝန်းကျင်ကို အသိပေးသကဲ့သို့ အိမ်ရှိလိုင်းဖုန်းမှတစ်ဆင့် မိမိအလိုရှိသော ဖုန်း(၆)လုံးတို့ကို အလိုအလျောက် အကြောင်းကြားပေးသော စနစ်ဖြစ်သည်။

စိတ်ပါဝင်စားသူများ အနေဖြင့် LUCKY BIRD GROUP of Companies ၏ TRUE VALUE Show Room များ တည်ရှိရာ ရန်ကုန်ရုံး အမှတ်(၃၅၁) သိမ်ဖြူလမ်း မင်္ဂလာတောင်ညွန့်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၇၃၁၅၁၅၀၀ နှင့် ၃၉၉၀၁၁၊ မန္တလေးရုံး အမှတ်(၅) (၂၆)လမ်း (၇၈)လမ်းနှင့် (၇၉)လမ်းကြား ဖုန်း-၀၂-၂၁၅၇၂၊ နေပြည်တော်ရုံး သပြေကုန်းဈေး အနောက်မြောက်အပိုင်း နေပြည်တော် ဖုန်း-၀၆၇-၄၁၄၁၁၃ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

## လုပ်ငန်းဆောင်ရွက်

**မော်လမြိုင်ကျွန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ရုံးဝင်းအတွင်း သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေးအတွက် ခေတ်မီခြင်ဆေးဖျန်းကိရိယာဖြင့် ခြင်ဆေးဖျန်းခြင်း လုပ်ငန်းဆောင်ရွက်နေမှုကို ဖေဖော်ဝါရီ ၇ ရက်က ဦးစီးအရာရှိ ဦးမျိုးဇော်ကြီးကြပ်ဆောင်ရွက်ရာ အမှုဆောင်အရာရှိ ဦးသက်အောင် ကြီးကြပ်ဆောင်ရွက်စဉ်။** (မြို့နယ်စည်ပင်)

## ကွင်းဆင်း ကြီးကြပ်

**မြောင်းမြမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်သော(၁၂)လမ်း ကတ္တရာလမ်းပေါက်များ ဖာထေးခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိ ဦးသန်းဝင်း ကွင်းဆင်းကြီးကြပ်စဉ်။**

(မြို့နယ်စည်ပင်)

**❖ ရှေ့ဖုံးမှ**

ပြည်ထောင်စုလွှတ်တော်သို့ တင်ပြထားသော ပြည်ထောင်စုတရားသူကြီးချုပ်အဖြစ် ဦးထွန်းထွန်းဦးအား ခန့်အပ်တာဝန်ပေးသင့်ကြောင်း တင်ပြချက်နှင့် စပ်လျဉ်း၍ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၀၁ တွင် သတ်မှတ်ထားသည့် အရည်အချင်းများနှင့် မပြည့်စုံကြောင်း သက်သေအထင်အရှားပြ၍ ကန့်ကွက်လိုသောလွှတ်တော် ကိုယ်စားလှယ်များရှိပါက ကန့်ကွက်နိုင်ကြောင်း ကြေညာခဲ့သော်လည်း ကန့်ကွက်ဆွေးနွေးမည့် လွှတ်တော်ကိုယ်စားလှယ် မရှိသည့်အတွက် ပြည်ထောင်စုလွှတ်တော်က သဘောတူကြောင်း ကြေညာသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက တင်ပြသော ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌအဖြစ် ခန့်အပ်နိုင်ရေးအတွက် တင်ပြချက်ကို ပြည်ထောင်စုလွှတ်တော်နာယက က ပြည်ထောင်စုလွှတ်တော်သို့ တင်ပြသည်။

နိုင်ငံတော် သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၉၈၊ ပုဒ်မခွဲ (က) နှင့် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၆ တို့နှင့်အညီ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌအဖြစ် ဦးတင်အေးအား ခန့်အပ်တာဝန်ပေးရန် ပြည်ထောင်စုလွှတ်တော်သို့ တင်ပြသည်။

နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက ပြည်ထောင်စုလွှတ်တော်သို့တင်ပြသော ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌအဖြစ် ခန့်အပ်တာဝန်ပေးသင့်သည့် ပုဂ္ဂိုလ်၏ အရည်အချင်းနှင့် စပ်လျဉ်း၍ စိစစ်နိုင်ရန် ၎င်း၏ ကိုယ်ရေးအချက်အလက်ကို သက်ဆိုင်ရာပါတီအလိုက် ဆက်သွယ်ရန် တာဝန်ပေးထားသည့် ကိုယ်စားလှယ်က လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်ထံ လာရောက် တောင်းခံနိုင်ကြောင်း၊ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌအဖြစ် ခန့်အပ်တာဝန်ပေးသင့်သည့် ပုဂ္ဂိုလ်သည် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၇၊ နည်းဥပဒေခွဲ (ခ) အရ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၉၈၊ ပုဒ်မခွဲ(ခ)တွင် သတ်မှတ်ထားသည့် အရည်အချင်းများနှင့် မပြည့်စုံကြောင်း သက်သေအထင်အရှားပြ၍ ကန့်ကွက်လိုသော လွှတ်တော်ကိုယ်စားလှယ်များ ရှိပါက ယနေ့ညနေပိုင်းတွင် လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း ပေးပို့နိုင်ကြောင်း ပြည်ထောင်စုလွှတ်တော်နာယက က ကြေညာသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယက က အဌမနေ့ အစည်းအဝေးကို ရပ်နားကြောင်းနှင့် ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် ပုံမှန်အစည်းအဝေး နဝမနေ့ကို ဖေဖော်ဝါရီ ၁၈ ရက် (သောကြာနေ့) နံနက် ၁၁ နာရီတွင် ဆက်လက် ကျင်းပမည်ဖြစ်ကြောင်း ကြေညာသည်။

အစည်းအဝေးကို နံနက် ၁၁ နာရီ ၁၀ မိနစ်တွင် ရပ်နားလိုက်သည်။(သတင်းစဉ်)

နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခံထားရသူက တင်ပြသော ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌအဖြစ် ခန့်အပ်နိုင်ရေးအတွက် တင်ပြချက်ကို ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့်က ပြည်ထောင်စု လွှတ်တော်သို့ တင်ပြစဉ်။ (သတင်းစဉ်)

**ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်ကြောင်း မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးကြစဉ်။** (သတင်းစဉ်)

# ဝန်ကြီး ဦးခင်မောင်မြင့် သင်တန်းဖွင့်ပွဲအခမ်းအနား တက်ရောက်

**နေပြည်တော် ဖေဖော်ဝါရီ ၁၇**

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်သည် ဖေဖော်ဝါရီ ၁၅ ရက် နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ ဝန်ကြီးရုံးသင်တန်းခန်းမ၌ ကျင်းပသော အငယ်တန်းအင်ဂျင်နီယာ(၂) လုပ်ငန်းအခြေခံသင်တန်း အမှတ်စဉ် (၁/၂၀၁၁) သင်တန်းဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ချီးမြှင့်သည်။

အဆိုပါ သင်တန်းသို့ သင်တန်းသား သင်တန်းသူ၊ အရာထမ်း၊ အမှုထမ်း ၄၃ ဦးတို့ တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တနှစ်ပတ်ကြာမြင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# ပုဇွန်တောင် အမက(၇) နှစ်ပတ်လည်စည်းဝေးနှင့် ဆုချီးမြှင့်

**ရန်ကုန် ဖေဖော်ဝါရီ ၁၇**

ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် အမက(၇) နှစ်ပတ်လည်အစည်းအဝေးနှင့် ဘက်စုံပညာရည်ချွန်ဆုပေးပွဲကို ဖေဖော်ဝါရီ ၁၁ ရက် နံနက် ၉ နာရီက ယင်းကျောင်းခန်းမ၌ ကျင်းပရာ အခမ်းအနားကို ကျောင်းသား၊ ကျောင်းသူများ၏ မြန်မာ့ကျောင်းသီချင်းဖြင့် သီဆိုဖွင့်လှစ်ပြီး လက်ထောက် မြို့နယ်ပညာရေးမှူး ဦးမောင်မောင်အေးနှင့် ကျောင်းအုပ်ဆရာကြီး ဦးတင်ဝင်းတို့က အမှာစကား ပြောကြား၍ ၂၀၁၀-၂၀၁၁ မိဘဆရာအသင်း အစည်းအဝေးနှင့် မိဘဆရာအသင်း အမှုဆောင်များနှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့တို့ကို အတည်ပြုကြသည်။ ၂၀၁၀-၂၀၁၁ ပညာသင်နှစ်အတွင်း သင်ပြမှုထူးချွန်ဆုနှင့် ကျောင်းသား၊ ကျောင်းသူများ၏ အားကစားထူးချွန်မှု၊ စာစီစာကုံးဆုရရှိသူများအား လက်ထောက် မြို့နယ်ပညာရေးမှူးနှင့် အခမ်းအနား တက်ရောက်လာကြသူများက ဆုများအသီးသီး ပေးအပ်ကြပြီး ကျောင်းအုပ်ဆရာကြီး ဦးတင်ဝင်းက နိဂုံးချုပ် အမှာစကားပြောကြားကြောင်း သိရသည်။ (၂၃)

# ဝိုင်အမ်ဘီအေ အသင်းခွဲ ဖွဲ့စည်း

**ရန်ကုန် ဖေဖော်ဝါရီ ၁၇**

ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်း (ဝိုင်အမ်ဘီအေ) ပဲခူးမြို့ အသင်းခွဲ ဖွဲ့စည်းခြင်းအခမ်းအနားကို ဖေဖော်ဝါရီ ၁၃ ရက် နံနက် ၉ နာရီက ပဲခူးမြို့ မဇင်းရပ်ကွက် ကြေးနီကန်တိုက်အုပ်ကျောင်းတိုက်၌ ကျင်းပရာ အခမ်းအနားတွင် သဘာပတိ ဝိုင်အမ်ဘီအေအသင်းကြီး၏ဥက္ကဋ္ဌ ဦးတင်ဝင်း (မင်္ဂလဓမ္မဇောတိကဓဇ)**(ယာပုံ)**နှင့် တိုင်းသာသနာရေး ဦးစီးမှူး ဦးဇော်ဇော်မြင့်တို့က အမှာစကားပြောကြားကြပြီး အသင်းဝင်အဆိုပြုလွှာများကို ဝိုင်အမ်ဘီအေ အသင်းကြီးသို့ပေးအပ်ခြင်း၊ အလှူငွေများ ပေးအပ်ခြင်းကိုပြုလုပ်ကြပြီး ဥက္ကဋ္ဌ ဦးကျော်အောင်နှင့် အတွင်းရေးမှူး ဦးသိန်းဇံတို့ပါဝင်သော ဝိုင်အမ်ဘီအေ အသင်းခွဲကို ဖွဲ့စည်းလိုက်ကြောင်း သိရသည်။

(ကြေးမုံ)

**မီးဘေးရှောင် မလောင်ခင်တား**

# ဆော်ဒီအာရေဗျနိုင်ငံ Kingdom Holding Company ဥက္ကဋ္ဌ ဆော်ဒီမင်းသားနှင့် ကြင်ရာတော်မင်းသမီးတို့က ဂီရိဆိုင်ကလုန်းမုန်တိုင်းဒဏ်သင့် ပြည်သူများနှင့် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း(ဗဟို)တို့သို့ အလှူငွေများ ပေးအပ်လှူဒါန်း

ရန်ကုန် ဖေဖော်ဝါရီ ၁၇

**ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်အချို့သို့ ဝင်ရောက်တိုက်ခတ်သွားခဲ့သော ဆိုင်ကလုန်းမုန်တိုင်းဂီရိ (GIRI) မုန်တိုင်းဒဏ်သင့်ပြည်သူများနှင့် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း (ဗဟို)အတွက် အလှူငွေပေးအပ်လှူဒါန်းပွဲကို ယမန်နေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ ဆော်ဒီအာရေဗျသံရုံး၌ ကျင်းပသည်။**

အဆိုပါ လှူဒါန်းပွဲတွင် ဆော်ဒီအာရေဗျနိုင်ငံ Kingdom Holding Company ဥက္ကဋ္ဌ ဆော်ဒီမင်းသား H.R.H Prince Alwaleed Bin Talal က ဂီရိမုန်တိုင်းဒဏ်သင့် ပြည်သူများအတွက် လှူဒါန်းသည့် အလှူငွေ အမေရိကန် ဒေါ်လာ ၅၀၀၀၀ ကို ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဆော်ဒီအာရေဗျနိုင်ငံ သံအမတ်ကြီး H.E.Mr. Talal Mohammad Sabri Abdul Salam က ပေးအပ်လှူဒါန်းရာ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးအောင် **(ယာပုံ)** ကလည်းကောင်း၊ ကြင်ရာတော်မင်းသမီး H.H Princess Ameerah Al Taweel က မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း (ဗဟို)သို့ လှူဒါန်းသည့် အလှူငွေ အမေရိကန်ဒေါ်လာ ၅၀၀၀၀ ကို ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဆော်ဒီအာရေဗျနိုင်ငံ သံအမတ်ကြီးက ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံ မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်း (ဗဟို) အတွင်းရေးမှူး ဒေါ်သဇင်နွယ်၊ အတွင်းရေးမှူးအဖွဲ့များနှင့် ဘဏ္ဍာရေးမှူး တို့ကလည်းကောင်း လက်ခံကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ကျေးဇူးတုံ့ပြန်သောအားဖြင့် ဘက်ထရီအိုးများ ဈေးနှုန်းလျှော့ရောင်းချ

**ရန်ကုန် ဖေဖော်ဝါရီ ၁၇**

Best Battery Trading Co., Ltd. မှ တစ်ဦးတည်းကိုယ်စားလှယ်ယူ၍ တင်သွင်းရောင်းချလျက်ရှိသည့် ATLAS, E-NEX, DUPEX နှင့် ABX-AGM တံဆိပ် ဘက်ထရီအိုး အရွယ်အစားမျိုးစုံအနက်မှ မော်တော်ကား၊ အင်ဗာတာ၊ ဆိုလာသုံးအိုးအချို့ကို ဖေဖော်ဝါရီ ၁ ရက်မှစတင်၍ ဝယ်ယူအားပေးသူများကို ကျေးဇူးတုံ့ပြန်သောအားဖြင့် အထူးလျှော့ဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

တောင်ကိုရီးယားနိုင်ငံ ATLASBX ကုမ္ပဏီပိုင်စက်ရုံနှစ်ခုမှ တိုက်ရိုက်မှာယူတင်သွင်းရောင်းချနေသော အထက်ပါ တံဆိပ် လေးမျိုးနှင့် အရွယ်အစားစုံ ၂၅ မျိုးအနက် ၁၇ မျိုးအား ဈေးလျှော့ရောင်းချခြင်းဖြစ်ပြီး အသေးဆုံးအရွယ်အစား 38 Ah ကို ကျပ်လေးထောင်မှ အကြီးဆုံး 250 Ah ကို ကျပ်လေးသောင်းအထိ လျှော့ချ ရောင်းချပေးခြင်းဖြစ်ကြောင်း သိရသည်။

ATLAX, E-NEX, DUPEX နှင့် ABX- AGM များမှာ မြန်မာနိုင်ငံတွင် သာမက ကမ္ဘာ့နိုင်ငံပေါင်း ၁၀၀ ကျော်သို့ ဖြန့်ချိရောင်းချလျက်ရှိသည့် ပထမတန်းစား ဘက်ထရီများဖြစ်သည်။ မိုးရေထပ်ဖြည့်ရန်မလိုသည့် အလုံပိတ် (Maintenance Free) နည်းပညာသုံးဘက်ထရီများအား ယခုအခါ မြန်မာပြည်အတွင်း ကျယ်ပြန့်စွာ အသုံးပြုလာကြသည်။ Acid၊ မိုးရေများဖြင့် ကိုင်တွယ်ဖြည့်တင်းသုံးစွဲရန် မလိုသောကြောင့်လည်း ရောင်းချသူ၊ သုံးစွဲသူများအတွက် အလုပ်သက်သာ၊ ဝန်ကျဉ်းသည့်အပြင် ခြောက်သွေ့သန့်ရှင်းသပ်ရပ်စွာ ထားသိုသုံးစွဲနိုင်သဖြင့် ဝယ်ယူအားပေးအသုံးပြုသူများပြားခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါဘက်ထရီများကို ရန်ကုန်မြို့တွင်းရှိ ဘက်ထရီဆိုင်အများအပြားတွင် ဝယ်ယူရရှိနိုင်ပြီး ကုမ္ပဏီ Show Room အမှတ်(၃၁၆) မဟာသုခိတလမ်း အရှေ့ကြို့ကုန်းရပ်ကွက် အင်းစိန်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၆၄၆၃၆၃ နှင့် ၆၄၂၇၂၂ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

# လူသတ်မှုများကျူးလွန်ခဲ့သူ ကန်သံရုံးဝန်ထမ်း သံတမန်ရေးရာ ကင်းလွတ်ခွင့် ရ၊ မရ တရားရုံးကသာ အဆုံးအဖြတ်ပေးမည်ဟုဆို

အစ္စလာမ္မာဘတ်    ဖေဖော်ဝါရီ    ၁၇

**ပါကစ္စတန်နိုင်ငံသားနှစ်ဦးကို ပစ်ခတ်သတ်ဖြတ်မှုကြောင့် အဖမ်းခံထားရသော အမေရိကန်သံရုံးဝန်ထမ်း ရေမွန်အလန်ဒေးဗစ်အနေဖြင့် သံတမန်ဆိုင်ရာ ကင်းလွတ်ခွင့် ရသင့်၊ မရသင့်ကို တရားရုံးကသာ အဆုံးအဖြတ်ပေးမည်ဖြစ်ကြောင်း ပါကစ္စတန်ဝန်ကြီးချုပ် ယူဆွတ်ရာဇာဂီလာနီက ယနေ့ ပြောကြားသည်။**

အမေရိကန်သံရုံးဝန်ထမ်း ရေမွန်ဒေးဗစ်သည် လာဟိုးမြို့၌ ဇန်နဝါရီ ၂၇ ရက်က ပါကစ္စတန်နိုင်ငံသားနှစ်ဦးကို သေနတ်ဖြင့် ပစ်ခတ်သတ်ဖြတ်ခဲ့ပြီး မိမိကိုယ်မိမိ ခုခံကာကွယ်ရာမှ လူသတ်မှုများ ကျူးလွန်ခဲ့ခြင်းဖြစ်ကြောင်း လျှောက်လဲထားသည်။

ရေမွန်ဒေးဗစ်၏ ပစ်ခတ်မှုကြောင့် ပါကစ္စတန်နှစ်ဦး သေဆုံးခဲ့ရသည့်အပြင် ၎င်းကိုကူညီရန် မောင်းဝင်လာသော အမေရိကန်သံတမန် ယာဉ်တစ်စီး၏ ဝင်တိုက်မှုကြောင့် ပါကစ္စတန်နိုင်ငံသားတစ်ဦး ထပ်မံသေဆုံးခဲ့ရသည်။

ဒေးဗစ်အနေဖြင့် သံတမန်ကင်းလွတ်ခွင့် ရသင့်ကြောင်း အမေရိကန်သမ္မတ ဘာရက်အိုဘားမားက တောင်းဆိုခဲ့သည်။ သို့ရာတွင် ပါကစ္စတန်အစိုးရသည် အမေရိကန်ပြည်ထောင်စု၏ ဖိအားပေးမှုကို အလျှော့ပေးမည်မဟုတ်ကြောင်း ဂီလာနီက ပြောကြားသည်။

ပါကစ္စတန်နိုင်ငံသားနှစ်ဦးကို ရက်စက်စွာ ပစ်သတ်ခဲ့သူအား သံတမန်ရေးရာ ကင်းလွတ်ခွင့်ဖြင့် ကာကွယ်ရန်မလိုကြောင်း ဥပဒေရေးရာအကြံပေးများက ပြောကြားခဲ့သည်ဟု ပါကစ္စတန်နိုင်ငံခြားရေးဝန်ကြီးဟောင်း ရှားမာမွတ်ကွာရီရှီက ဗုဒ္ဓဟူးနေ့တွင် ထုတ်ဖော်ပြောဆိုခဲ့သည်။

**အေပီ။**

# တာလီဘန်အဖွဲ့ကို ဒုံးကျည်များရောင်းချရန် ကြံစည်သူများအား တရားစွဲဆို

**နယူးယောက်    ဖေဖော်ဝါရီ    ၁၇**

အာဖဂန်နစ္စတန်နိုင်ငံရှိ တာလီဘန် တိုက်ခိုက်ရေးသမားများထံမှ မူးယစ်ဆေးဝါး ရယူမှောင်ခိုပို့ရန်နှင့် ၎င်းတို့ကို မြေပြင်မှ ဝေဟင်ပစ်ဒုံးကျည်များရောင်းချရန် ကြံစည်ခဲ့သော အမေရိကန်နိုင်ငံသား နှစ်ဦးအပါအဝင် ခုနစ်ဦးအား အမေရိကန်နိုင်ငံက တရားစွဲဆိုခဲ့ကြောင်း ဖေဖော်ဝါရီ ၁၅ရက် သတင်းများတွင် ဖော်ပြသည်။

တရားစွဲခံထားရသူများအနက် အချို့သည် တာလီဘန်များထံမှ ဘိန်းဖြူတန်ချိန်ပေါင်းများစွာကို လက်ခံရယူ၍ အနောက်အာဖရိကသို့ ပို့ဆောင်ပေးရန် သဘောတူခဲ့ကြကြောင်း မင်ဟတ်တန်မြို့ရှိ အမေရိကန်ရှေ့နေချုပ်ရုံးက ပြောကြားသည်။

တာလီဘန်များထံမှရရှိသော ဘိန်းဖြူတချို့တစ်ဝက်ကို အမေရိကန်ပြည်တွင်း၌ ရောင်းချရန် ၎င်းတို့က ကြံစည်ခဲ့ကြောင်း ရှေ့နေချုပ်ရုံး၏ ထုတ်ပြန်ချက်၌ ဖော်ပြသည်။

လက်ဘနွန်၏ ဟစ်ဇ်ဘိုလာအဖွဲ့နှင့် ပတ်သက်နေကြောင်း ယူဆရသူ တစ်ဦးအပါအဝင် အခြားတရားစွဲခံထားရသူ သုံးဦးမှာလည်း အာဖဂန်နစ္စတန်ရှိ ဘိန်းဖြူထုတ်လုပ်ရေးစခန်းများကို ကာကွယ်ရန် တာလီဘန်များထံသို့ မြေပြင်မှ ဝေဟင်ပစ်ဒုံးကျည်များ ရောင်းချပေးရန် သဘောတူခဲ့ကြောင်း သိရသည်။

အဆိုပါ တရားစွဲဆိုခံထားရသူများသည် မူးယစ်ဆေးဝါးကုန်သွယ်ရေးမှလည်းကောင်း၊ တာလီဘန်များ၏ ကိုယ်စားလှယ်ဟု ၎င်းတို့ယူဆသူများထံ လက်နက်များရောင်းချခြင်းမှ လည်းကောင်း ဒေါ်လာသန်းပေါင်းများစွာ အကျိုးအမြတ်ရရှိရန် ပြင်ဆင်လုပ်ဆောင်ခဲ့ကြောင်း အမေရိကန်ရှေ့နေချုပ်ရုံး၏ ထုတ်ပြန်ချက်တွင် ဖော်ပြသည်။

**အင်တာနက်။**



# ရုရှားအာကာသယာဉ်မှူးနှစ်ဦး အာကာသအတွင်း ငါးနာရီကြာလမ်းလျှောက်

**မော်စကို    ဖေဖော်ဝါရီ    ၁၇**

ရုရှားအာကာသယာဉ်မှူးနှစ်ဦးသည် လျှပ်စီးနှင့်မြေငလျင်ဆိုင်ရာအချက်အလက်များကို လေ့လာစမ်းသပ်ရေးအတွက် ပစ္စည်းကိရိယာများတပ်ဆင်ရန် ဗုဒ္ဓဟူးနေ့က နိုင်ငံတကာ အာကာသစခန်းအပြင်ဘက် အာကာသထဲ၌ ငါးနာရီကြာလမ်းလျှောက်၍ လှုပ်ရှားဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ယင်းသို့ အာကာသအတွင်း လမ်းလျှောက်နေစဉ် အာကာသစခန်းထဲ၌ အမေရိကန်အာကာသယာဉ်မှူး နှစ်ဦး၊ ရုရှားနှင့်အီတလီအာကာသယာဉ်မှူးတစ်ဦးစီတို့ရှိနေသည်။

ယင်းအာကာသစခန်းကို အမေရိကန်ပြည်ထောင်စု၊ ရုရှား၊ ကနေဒါ၊ ဂျပန်နှင့်ဥရောပအာကာသ အေဂျင်စီ ၁၈နိုင်ငံတို့က တည်ဆောက်ထားပြီး အာကာသ သိပ္ပံသန့်လုပ်ငန်းတစ်ခုအတွက် တည်ဆောက်ထားသော အပိုင်း ၁၀ပိုင်း ပါဝင်ကြောင်း သိရသည်။

**အင်တာနက်။**

# ဗီယက်နမ်တွင်အပျော်စီးသင်္ဘောနစ်မြုပ်၍ ကမ္ဘာလှည့်ခရီးသည် ၁၀ဦးသေဆုံး

**ဟန်နွိုင်း    ဖေဖော်ဝါရီ    ၁၇**

ဗီယက်နမ်နိုင်ငံတွင် ကမ္ဘာလှည့်ခရီးသည် အပျော်စီးသင်္ဘော ထရွန်ဟိုင် ဝ၆ ကျူအင်န် ၅၁၉၈သည် ခရီးသည် ၂၁ဦး၊ သင်္ဘောအမှုထမ်းခြောက်ဦးနှင့်အတူ ဟာလောင်ပင်လယ်အော်အတွင်း ကျောက်ချရပ်နား အိပ်စက်နေစဉ် ယနေ့နံနက်စောစောပိုင်းက နစ်မြုပ်သွားရာ နိုင်ငံကိုးနိုင်ငံမှ ခရီးသည် ၁၂ ဦး သေဆုံးသွားခဲ့သည်။ အဆိုပါဖြစ်ရပ်မှာ လွန်ခဲ့သော ၂၅ နှစ်က ဗီယက်နမ်နိုင်ငံအတွင်း ကမ္ဘာလှည့်ခရီးသည်များကို စတင်ဝင်ရောက်လည်ပတ်ခွင့်ပေးခဲ့သည့် ကာလနောက်ပိုင်း အသေအပျောက်အများဆုံး ရေယာဉ်နစ်မြုပ်မှု ဖြစ်ကြောင်း အေပီသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

သေဆုံးသူ ခရီးသည်များမှာ အမေရိကန်၊ ဗြိတိန်၊ ဩစတြေးလျ၊ ဂျပန်၊ ရုရှား၊ ပြင်သစ်၊ ဆွီဒင်နှင့် ဆွစ်ဇာလန်နိုင်ငံတို့မှ ဖြစ်ပြီး ဗီယက်နမ်လူမျိုး ဧည့်လမ်းညွှန်တစ်ဦးလည်း သေဆုံးကြောင်း အစိုးရတာဝန်ရှိသူများက အတည်ပြုခဲ့သည်။ အခြားနိုင်ငံခြားသားကိုးဦးနှင့် ဗီယက်နမ်လူမျိုးခြောက်ဦးတို့ကို အနီးရှိ ကမ္ဘာလှည့်ခရီးသည်တင် ရေယာဉ်များက ကယ်ဆယ်နိုင်ခဲ့သည်။

ဟာလောင်ပင်လယ်အော်သည် ဗီယက်နမ်နိုင်ငံ၏ အကျော်ကြားဆုံး ကမ္ဘာလှည့်ခရီးသည်များ လည်ပတ်ရာနေရာတစ်ခုဖြစ်ပြီး နှစ်စဉ် ခရီးသည် ငါးသန်းကျော် လာရောက်လည်ပတ်လေ့ရှိသည့်နေရာတစ်ခု ဖြစ်သည်။

သစ်သားနှင့် တည်ဆောက်ထားသော အဆိုပါ ရေယာဉ်သည် ညအိပ်ရပ်နားထားစဉ် ပျဉ်ပြားတစ်ချပ် ပြုတ်ထွက်သွားပြီးနောက် ရေများ ဒလဟောဝင်ရောက်လာပြီး အချိန်တိုအတွင်း နစ်မြုပ်သွားခဲ့ခြင်းဖြစ်ကြောင်း လွတ်မြောက်လာသူများက ပြန်လည်ပြောကြားသည်။

**အေပီ။**

**နစ်မြုပ်သွားသည့် ကမ္ဘာလှည့်ခရီးသည်တင် အပျော်စီးရေယာဉ်၌ ရှာဖွေမှုများ ပြုလုပ်နေသော ကယ်ဆယ်ရေးအဖွဲ့များကို တွေ့ရစဉ်။**

# ဘင်္ဂလားဒေ့ရှ်တွင် ဆိပ်ခံပြိုကျမှုကြောင့် ကမ္ဘာလှည့် ၁၂ ဦး ဒဏ်ရာရ

**ဒါကာ    ဖေဖော်ဝါရီ    ၁၇**

ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒါကာမြို့တော် အရှေ့တောင်ဘက် ၃၉၁ ကီလိုမီတာအကွာရှိ ကောက်ဘဇားခရိုင်တွင် ဆိပ်ခံတံတားတစ်ခု ယမန်နေ့က ပြိုကျခြင်းကြောင့် ကမ္ဘာလှည့်ခရီးသည် ၁၂ ဦး အနည်းဆုံး ဒဏ်ရာရခဲ့သည်။

အင်္ဂလိပ်ဘာသာဖြင့် ထုတ်ဝေသော ဒေးလီးစတားသတင်းစာက အွန်လိုင်းမှ သတင်းဖော်ပြရာတွင် ဒေသစံတော်ချိန် နံနက် ၁၀ နာရီခန့်၌ ကမ္ဘာလှည့်ခရီးသည်များ သင်္ဘောစီးရန်အတွက် ဆိပ်ခံတံတားပေါ်မှ ဖြတ်သန်းစဉ် တံတားကျိုးပြီး ခရီးသည် ၁၀၀ ခန့် ရေထဲသို့ ကျသွားခဲ့ကြောင်း ပါရှိသည်။

ဒေသအာဏာပိုင်များက ဒေသခံပြည်သူများအကူအညီဖြင့် ၎င်းတို့အားလုံးကို ကယ်ဆယ်ခဲ့သည်။ အဆိုပါဖြစ်ရပ်အတွင်း ကမ္ဘာလှည့်ခရီးသည် ၁၂ ဦး အနည်းဆုံး ထိခိုက်ဒဏ်ရာရခဲ့သည်။

**အမ်အင်အေ၊ ဆင်ဟွာ။**

# မနီလာကျူးကျော်ရပ်ကွက်မီးဘေး လူ ၁၀၀၀၀ ခန့် အိုးအိမ်မဲ့ဖြစ်

မနီလာ    ဖေဖော်ဝါရီ    ၁၇

**ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့တော်ရှိ အကြီးဆုံးကျူးကျော်ရပ်ကွက်များထဲ၌ တစ်ခုအပါအဝင်ဖြစ်သော ဘာဟေးတိုရိုရပ်ကွက်၌ ဖေဖော်ဝါရီ ၁၅ ရက်က မီးအကြီးအကျယ်လောင်ကျွမ်းခဲ့ရာ လူ ၁၀၀၀၀ ဝန်းကျင် အိုးမဲ့အိမ်မဲ့ဖြစ်၍ ကလေးတစ်ဦး သေဆုံးခဲ့ကြောင်း သိရသည်။**

ဘာဟေးတိုရိုကျူးကျော်ရပ်ကွက်၌ လောင်ကျွမ်းသောမီးသည် မီးသတ်တပ်ဖွဲ့ဝင်များက ထိန်းချုပ်နိုင်မှုမရှိခင် တစ်အိမ်မှတစ်အိမ်အလျင်အမြန်ကူးစက်ကာ သုံးနာရီကြာမျှ အရှိန်ပြင်းစွာ လောင်ကျွမ်းခဲ့ကြောင်း ယင်းရပ်ကွက်၌ နေထိုင်သူတစ်ဦးက ပြောသည်။

မီးဘေးကြောင့် ဘာဟေးတိုရိုရပ်ကွက်ထဲမှ ကျူးကျော်တဲ ၅၀၀ခန့် မီးလောင်ပြာကျခဲ့ကြောင်း၊မီးလောင်ရသည့်အကြောင်းရင်းကို မသိရသေးကြောင်း မနီလာမြို့တော် မီးသတ်တပ်ဖွဲ့တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

မီးလောင်မှုကြောင့် ငါးနှစ်အရွယ်ကလေးတစ်ဦး သေဆုံးပြီး အခြားခြောက်ဦး ဒဏ်ရာရရှိခဲ့ကာ မိသားစုပေါင်း ၂၀၀၀ခန့် အိုးအိမ်မဲ့ဖြစ်ခဲ့ရသည်။

အချို့သောမီးဘေးဒုက္ခသည် မိသားစုများသည် မီးသင့်ခဲ့သော ရပ်ကွက်အနီးမှာပင် ဖြစ်သလိုတဲထိုးနေနေကြရပြီး ၎င်းတို့ကို ပရဟိတအဖွဲ့အစည်းများက စားသောက်ဖွယ်ရာများ ဖြန့်ဝေပေးနေရသည်။

အဆိုပါမီးလောင်မှုသည် မနီလာမြို့တော်ရှိ ဆင်းရဲနွမ်းပါးမှုကြောင့် မြို့ပြ၏ အပယ်ခံဘဝရောက်နေရသူများ၏ လူမှုအနိဋ္ဌာရုံကို မီးမောင်းထိုးပြနေသည်ဟုဆိုသည်။ **အေအက်ဖ်ပီ။**

# ချွေတာရေးလေကြောင်းမှ လေယာဉ်နှစ်စင်းပျံသန်းမှု အင်ဒိုနီးရှားအစိုးရ ဆိုင်းငံ့

ဂျကာတာ    ဖေဖော်ဝါရီ    ၁၇

**အင်ဒိုနီးရှား ပို့ဆောင်ရေးဝန်ကြီးဌာနသည် ချွေတာရေးလေကြောင်းလိုင်းဖြစ်သော လိုင်းယင်းအဲမှ လေယာဉ်တစ်စင်း ယခုရက်သတ္တပတ် အစောပိုင်းတွင် ပြေးလမ်းချော်မှုဖြစ်ပွားပြီးနောက် အဆိုပါ လေကြောင်းလိုင်းမှ လေယာဉ်နှစ်စင်းပျံသန်းပြေးဆွဲမှုကို ၁၅ ရက်ကြာဆိုင်းငံ့ထားလိုက်ကြောင်း ဝန်ကြီးဌာနမှ အကြီးတန်းအရာရှိတစ်ဦးက ယနေ့ပြောကြားလိုက်သည်။**

သယ်ယူပို့ဆောင်ရေးလုံခြုံမှုဆိုင်ရာ အမျိုးသားကော်မတီက အဆိုပါ လေယာဉ်နှစ်စင်း၏ အခြေအနေများကို စစ်ဆေးကြည့်ရှုခဲ့ပြီးနောက် ယခုကဲ့သို့ တားဆီးလိုက်ခြင်းဖြစ်ကြောင်း လေကြောင်းပို့ဆောင်ရေးညွှန်ကြားရေးမှူးချုပ် ဟာရီဘတ်တီက ပြောကြားသည်။

ရီအော်ပြည်နယ်၏ အဓိကလေဆိပ်တွင် ဖြစ်ပွားခဲ့သော လေယာဉ်ပြေးလမ်းချော်မှုနှင့်ပတ်သက်၍ လေယာဉ်ပြေးလမ်း၏ ချွတ်ယွင်းချက်ကြောင့်ဟု အပြစ်ပုံချခဲ့ကြောင်း ၎င်းကပြောကြားသည်။ အဆိုပါဖြစ်ရပ်တွင် ထိခိုက်ဒဏ်ရာရရှိမှု ရှိ၊ မရှိ သတင်းများ ထွက်ပေါ်လာခြင်း မရှိသေးပေ။

အဆိုပါ ဖြစ်ရပ်မျိုး ထပ်မံမဖြစ်ပွားရေးအတွက် အင်ဒိုနီးရှား ပို့ဆောင်ရေးဝန်ကြီးဌာနက ဘိုးအင်း ၇၃၇ လေယာဉ်များကို မိုးရွာနေစဉ် ဆင်းတက်ခြင်းမပြုလုပ်ရန် တားမြစ်ထားကြောင်းဖြင့်လည်း ဘတ်တီက ပြောကြားသည်။ ဥရောပသမဂ္ဂဝင်နိုင်ငံများသည် ၎င်းတို့ နိုင်ငံသားများအား အင်ဒိုနီးရှားမှ ထိပ်တန်းလေကြောင်းလိုင်းလေးခုနှင့် ခရီးသွားလာခြင်းကို ၂၀၀၇ ခုနှစ် ဇူလိုင်လမှစ၍ ပိတ်ပင်မှုများတိုးမြှင့်လာခဲ့ခြင်းကြောင့် အင်ဒိုနီးရှားက ၎င်း၏ လေကြောင်းပို့ဆောင်ရေး လုံခြုံစိတ်ချရမှု အဆင့်အတန်းမြင့်မားလာအောင် ဆောင်ရွက်လျက်ရှိသည်။

**အမ်အင်အေ၊ ဆင်ဟွာ။**

**လွန်ခဲ့သော ရက်သတ္တပတ်အတွင်းက ပြေးလမ်းချော်ခဲ့သည့် လိုင်းယင်းအဲ၏ ဘိုးအင်း (၇၃၇) လေယာဉ်တစ်စင်းကို တွေ့ရစဉ်။**

# ဝန်ကြီး ဦးအောင်သောင်း သင်တန်းများဆင်းပွဲ၌ အမှာစကားပြောကြား

နေပြည်တော် ဖေဖော်ဝါရီ ၁၇

**အမှတ်(၁) စက်မှုဝန်ကြီးဌာန ရုံးလုပ်ငန်းဆိုင်ရာ ကွန်ပျူတာ မွမ်းမံသင်တန်း အမှတ်စဉ် (၁/၂၀၁၁)နှင့် အင်္ဂလိပ်ဘာသာ အဆင့်မြင့်သင်တန်း အမှတ်စဉ် (၁/၂၀၁၁) သင်တန်းများ ဆင်းပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ အဆိုပါ ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။**

အခမ်းအနားတွင် အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းက သင်တန်းဆင်း အမှာစကား ပြောကြားရာ၌ မိမိတို့၏ဝန်ကြီးဌာနအနေဖြင့် ရုံးလုပ်ငန်းဆိုင်ရာများကို ကွန်ပျူတာအသုံးပြု၍ သပ်ရပ်လျင်မြန် လွယ်ကူစွာ ဆောင်ရွက်နိုင်ရန်အတွက် ဝန်ထမ်းများ၏ ကွန်ပျူတာ စွမ်းရည်မြင့်မားစေရန်၊ လက်တွေ့လုပ်ငန်းခွင်တွင် ထိရောက်စွာ အသုံးပြုနိုင်ကြစေရန်နှင့် နိုင်ငံတကာနှင့် ဆက်သွယ်ဆောင်ရွက်ရာ၌ အင်္ဂလိပ်ဘာသာကျွမ်းကျင်ရန် လိုအပ်သဖြင့် ဝန်ထမ်းများ၏ အင်္ဂလိပ်စာ အရည်အသွေး မြင့်မားစေရန်တို့ကို ရည်ရွယ်၍ ဤသင်တန်းများကို ဖွင့်လှစ်သင်ကြားပေးနေခြင်း ဖြစ်ကြောင်း၊ ထို့အပြင် အင်္ဂလိပ်ဘာသာ ကျပန်းစကားပြော ပြိုင်ပွဲများ၊ စကားဝိုင်းများကို ကျင်းပ၍အင်္ဂလိပ်ဘာသာအရေး၊ အဖတ်၊ အပြောနှင့် နားထောင်မှုဆိုသည့် စွမ်းရည်(၄)ရပ်ကိုပါ မြှင့်တင်ပေးလျက်ရှိကြောင်း၊ သင်တန်းသားများအနေဖြင့် သင်တန်းများမှ ရရှိသောအသိပညာ၊ အတတ်ပညာများကို လက်တွေ့လုပ်ငန်းခွင်တွင် အကျိုးရှိစွာ အသုံးချ၍ တိုင်းပြည်အကျိုး၊ နိုင်ငံအကျိုးကို သစ္စာရှိစွာဖြင့် တက်တက်ကြွကြွ ဆောင်ရွက်ပြီး မိမိအရည်အချင်းကို အစဉ်မြှင့်တင်သွားကြရန် တိုက်တွန်းမှာကြားသည်။

### ပေးအပ်ချီးမြှင့်

ဆက်လက်၍ ဝန်ကြီးက ရုံးလုပ်ငန်းဆိုင်ရာကွန်ပျူတာမွမ်းမံသင်တန်း အမှတ်စဉ် (၁/၂၀၁၁)နှင့် အင်္ဂလိပ်ဘာသာ အဆင့်မြင့်သင်တန်းအမှတ်စဉ်(၁/၂၀၁၁) တို့တွင် သင်တန်းထူးချွန် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိကြသူများအား ဆုများကို လည်းကောင်း၊ သင်တန်းသားခေါင်းဆောင်များအား သင်တန်းသားများ၏ သင်တန်းဆင်း အောင်လက်မှတ်များကို လည်းကောင်း ပေးအပ်ချီးမြှင့်သည်။

အဆိုပါသင်တန်းသို့ ဦးစီးဌာနနှင့် လုပ်ငန်းများမှ သင်တန်းသား၊ သင်တန်းသူ စုစုပေါင်း ၆၆ဦးတို့ တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တခြောက်ပတ် ကြာမြင့်ခဲ့ကြောင်းသတင်းရရှိသည်။ (သတင်းစဉ်)

**အမှာစကားပြောကြား**

**အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း ရုံးလုပ်ငန်းဆိုင်ရာ ကွန်ပျူတာမွမ်းမံသင်တန်း အမှတ်စဉ် (၁/၂၀၁၁)နှင့် အင်္ဂလိပ်ဘာသာ အဆင့်မြင့်သင်တန်း အမှတ်စဉ်(၁/၂၀၁၁) သင်တန်းများ ဆင်းပွဲ၌ အမှာစကားပြောကြားစဉ်။**
(စက်မှု-၁)

# သတ္တုနှင့်အင်ဂျင်နီယာလုပ်ငန်းဆိုင်ရာ အလုပ်အကိုင်ကျွမ်းကျင်မှု "စံ" သတ်မှတ်ရေးကော်မတီစည်းဝေး

နေပြည်တော် ဖေဖော်ဝါရီ ၁၇

**သတ္တုနှင့် အင်ဂျင်နီယာလုပ်ငန်းဆိုင်ရာ အလုပ်အကိုင်ကျွမ်းကျင်မှု "စံ" သတ်မှတ်ရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမှတ်(၂) စက်မှုဝန်ကြီးဌာန စုဝေးခန်းမ၌ ကျင်းပရာ ရှေးဦးစွာ အမှတ်(၂) စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်ကျော်က အဖွင့်အမှာစကား ပြောကြားသည်။**

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများက သတ္တုနှင့် အင်ဂျင်နီယာလုပ်ငန်းဆိုင်ရာ အလုပ်အကိုင်ကျွမ်းကျင်မှု "စံ" သတ်မှတ်ရေး ကော်မတီနှင့် ဆပ်ကော်မတီများ၏ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ ပြောင်းလဲပြင်ဆင်ဖွဲ့စည်းခြင်း၊ ဂဟေကျွမ်းကျင်မှု အသိအမှတ်ပြုလက်မှတ် ထုတ်ပေးနိုင်ရေးအတွက် ကော်မတီဖွဲ့စည်းခြင်း၊ Welding Test Center များကို စစ်ဆေးပေးမည့် Audit အဖွဲ့ သတ်မှတ်ဖွဲ့စည်းခြင်းနှင့် ဂဟေကျွမ်းကျင်မှု အသိအမှတ်ပြုလက်မှတ်ထုတ်ပေးရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ဒုတိယဝန်ကြီးက ယခု အစည်းအဝေးမှ ဖွဲ့စည်းသည့် ဂဟေစမ်းသပ်စစ်ဆေးရေးနှင့် အောင်လက်မှတ်ထုတ်ပေးရေးကော်မတီဝင်များက ဂဟေကျွမ်းကျင်မှု အသိအမှတ်ပြုလက်မှတ် (Welder Skill Recognition Certificate) အမြန်ထုတ်ပေးနိုင်ရေး ဆောင်ရွက်ရန်နှင့် လုပ်ငန်းလုပ်ကိုင်ခွင့် အခွင့်အလမ်းများသည့် အခြားအလုပ်အကိုင်များကိုလည်း ယခု Welder Pilot Project ကဲ့သို့ အကောင်အထည်ဖော်နိုင်ရေးအတွက် သတ္တုနှင့် အင်ဂျင်နီယာလုပ်ငန်းဆိုင်ရာ အလုပ်အကိုင်ကျွမ်းကျင်မှု "စံ" သတ်မှတ်ရေးကော်မတီနှင့် ဆပ်ကော်မတီ(၅)ခုတို့၏ အဖွဲ့ဝင်များက ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

**သယ်န်းကျွန်းမြို့နယ် အမှတ်(၁၇)မူလတန်းလွန်ကျောင်း၏ ၂၀၀၉-၂၀၁၀ ပညာသင်နှစ် မိဘဆရာအသင်း အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဖေဖော်ဝါရီ ၅ ရက်က ကျင်းပရာ (၉၁)ကြိမ်မြောက် သွေးလှူရှင်၊ လူမှုထူးချွန် ပထမဆုရ ဆရာမ ဒေါ်မော်မော်ဦးအား ခရိုင်ပညာရေးမှူး ဦးရှိန်းလိန်းအောင် ဆုချီးမြှင့်စဉ်။** (ပညာရေး)

# မြန်မာနိုင်ငံပြန်တမ်း

**နေပြည်တော် ဖေဖော်ဝါရီ ၁၇**

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်း အကြီးအကဲများအား အစမ်းခန့်ကာလ (၁)နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်-

| အမည် | ဝန်ထမ်းအဖွဲ့အစည်းအကြီးအကဲ ရာထူး၊ဌာန |
|---|---|
| (က) ဦးကြည်ထွန်းဝင်း | ညွှန်ကြားရေးမှူးချုပ် ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်း ဝန်ကြီးဌာန |
| (ခ) ဒေါက်တာအောင်သူ | ပါမောက္ခချုပ် တောင်ငူတက္ကသိုလ် အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်) ပညာရေးဝန်ကြီးဌာန |
| (ဂ) ဒေါက်တာမောင်သင်း | ပါမောက္ခချုပ် မိတ္ထီလာတက္ကသိုလ် အဆင့်မြင့်ပညာဦးစီးဌာန (အထက်မြန်မာပြည်) ပညာရေးဝန်ကြီးဌာန |
| (ဃ) ဒေါက်တာစန်းလွင် | ပါမောက္ခချုပ် မိတ္ထီလာစီးပွားရေးတက္ကသိုလ် အဆင့်မြင့်ပညာဦးစီးဌာန (အထက်မြန်မာပြည်) ပညာရေးဝန်ကြီးဌာန |
| (င) ဒေါက်တာမြင့်ဆွေ | ပါမောက္ခချုပ် မြိတ်တက္ကသိုလ် အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်) ပညာရေးဝန်ကြီးဌာန |
| (စ) ဒေါက်တာသန်းဝင်း | ကျောင်းအုပ်ကြီး ပဲခူးဒီဂရီကောလိပ် အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်) ပညာရေးဝန်ကြီးဌာန |
| (ဆ) ဦးမောင်ဝေ | ညွှန်ကြားရေးမှူးချုပ် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာန နိုင်ငံခြားရေးဝန်ကြီးဌာန |
| (ဇ) ဦးသန့်စင် | ဦးဆောင်ညွှန်ကြားရေးမှူး မြန်မာ့ရေနံထွက်ပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်း စွမ်းအင်ဝန်ကြီးဌာန |
| (ဈ) ဒေါက်တာမြင့်ဦး | ပါမောက္ခချုပ် သစ်တောတက္ကသိုလ် သစ်တောဦးစီးဌာန သစ်တောရေးရာဝန်ကြီးဌာန |
| (ည) ဦးစန်းမြင့်ဦး | ဦးဆောင်ညွှန်ကြားရေးမှူး ကုန်းလမ်းပို့ဆောင်ရေး ရထားပို့ဆောင်ရေးဝန်ကြီးဌာန |

**ကျောင်းကုန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့အဝင်မြေယာရှင်း ဆောင်ရွက်ထားမှုကို ရောဝတီတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်မင်းနိုင်နှင့် ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးစိုးသန်းတို့ စစ်ဆေးရာ အမှုဆောင်အရာရှိနှင့် တာဝန်ခံအင်ဂျင်နီယာတို့ ရှင်းလင်းတင်ပြစဉ်။** (ကြေးမုံ)

# ကျေးရွာစာကြည့်တိုက်များအတွက် ရုပ်မြင်သံကြားပြစက်နှင့် စာအုပ်၊ စာစောင်များ လှူဒါန်း

**ရန်ကုန် ဖေဖော်ဝါရီ ၁၇**

ကျေးရွာစာကြည့်တိုက်များအတွက် ရုပ်မြင်သံကြားပြစက်နှင့် စာအုပ်၊စာစောင်များလှူဒါန်းပွဲကို ဇန်နဝါရီ ၃၁ ရက် နံနက် ၁၀ နာရီတွင် ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ ကျင်းပရာ ရှေးဦးစွာ မြို့နယ်ဥက္ကဋ္ဌ ဦးဝင်းလှိုင်က အမှာစကားပြောကြားပြီး ဘီစခတ် ကျေးရွာ စာကြည့်တိုက်အတွက် ရုပ်မြင်သံကြားပြစက်တစ်လုံးနှင့် စာအုပ်၊စာစောင်များကို ကျေးရွာဥက္ကဋ္ဌထံ ပေးအပ်လှူဒါန်းသည်။

ယင်းနောက် အလှူရှင်များက ဘီစခတ်ကျေးရွာ၊ ရွှေတောင်ဘိုကျေးရွာ၊ ကျခတ်ချောင်းကျေးရွာ၊ ကြာအင်းကြီးကျေးရွာနှင့် တဂေးကျေးရွာစာကြည့်တိုက်များအတွက် ဘက်ထရီတစ်လုံး အပါအဝင် သုတ/ရသ စာအုပ်၊ စာစောင်များကို သက်ဆိုင်ရာ ကျေးရွာဥက္ကဋ္ဌများထံ ပေးအပ်လှူဒါန်းကြသည်။ (သတင်းစဉ်)

# ရန်ကုန်/မန္တလေး ဈေးသင်္ဘော ထွက်ခွာမည်

**ရန်ကုန် ဖေဖော်ဝါရီ ၁၇**

ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ကုန်ပို့ဆောင်ရေးဌာနခွဲ၏ ရန်ကုန်/မန္တလေး ဈေးသင်္ဘောခေါက်ရေ(၃) "မြဧရာ" ရေယာဉ်သည် ဖေဖော်ဝါရီ ၂၄ ရက် (ကြာသပတေးနေ့)တွင် ရန်ကုန်မြို့ ဗိုလ်တထောင် အမှတ်(၃) တံတားမှ မန္တလေးမြို့သို့ ထွက်ခွာမည်ဖြစ်သည်။

ကုန်တင်ဆောင်ရောင်းချလိုသူများသည် ကုန်ပို့ဆောင်ရေးဌာနခွဲ ဗိုလ်တထောင်ဈေးလမ်းသို့ လူကိုယ်တိုင်သော်လည်းကောင်း၊ ဖုန်း-၂၉၂၁၉၉ နှင့် ၂၉၂၃၁၉ သို့လည်းကောင်း ဆက်သွယ်ဆောင်ရွက်နိုင်ကြသည်။

နယ်မြို့များမှ တင်ဆောင်လိုပါက မအူပင်၊ ဓနုဖြူ၊ ဟင်္သာတ၊ မြန်အောင်၊ ကြံခင်း၊ ပြည်၊ သရက်၊ အောင်လံ၊ မကွေးမြို့တို့ရှိ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး မြို့နယ်မန်နေဂျာရုံးများနှင့် ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# လယ်ယာသန်းခေါင်စာရင်း ကောက်ယူခြင်းသင်တန်းဖွင့်

**ပုသိမ် ဖေဖော်ဝါရီ ၁၇**

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန မြန်မာနိုင်ငံ လယ်ယာသန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်း သင်တန်းနည်းပြများ သင်တန်းဖွင့်ပွဲနှင့် တာဝန်ပေးအပ်ပွဲကို ဇန်နဝါရီ ၂၄ ရက်က ပုသိမ်မြို့နယ်မြေစာရင်းဦးစီးဌာနရုံး၌ ကျင်းပရာ ဧရာဝတီတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးအေးကျော်နှင့် တိုင်းဒေသကြီး မြေစာရင်းဦးစီးဌာနမှူး ဦးအောင်တင်မြင့်တို့က အမှာစကားပြောကြားကြကြောင်း သိရသည်။ (ခရိုင်ပြန်/ဆက်)

**ဖေဖော်ဝါရီ ၁၃ ရက်က မီးဘေးအန္တရာယ်ကင်းဝေးရေးအတွက် မုံရွာမြို့နယ် မီးသတ်ဦးစီးဌာနက ဦးဆောင်၍ ရွှေတောင် စက်သုံးဆီဆိုင်ဝန်ထမ်းများ လက်တွေ့မီးငြိမ်းသတ်မှုဇာတ်တိုက်လေ့ကျင့်စဉ်။** (ကြေးမုံ)

# ကြိုတင်ကာကွယ် မီးအန္တရာယ်

# တိုင်းမှူး ဗိုလ်မှူးချုပ်ထွန်းသန်း ရန်ကုန်တပ်နယ် နယ်မြေခံတပ်ရင်းနှင့် စုပေါင်းထမနဲထိုးပြိုင်ပွဲ ကြည့်ရှုအားပေး

**နေပြည်တော် ဖေဖော်ဝါရီ ၁၇**

ရန်ကုန်တိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ထွန်းသန်းသည် ဖေဖော်ဝါရီ ၁၅ ရက် နံနက်ပိုင်းတွင် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်ရှိ နယ်မြေခံတပ်ရင်းသို့ ရောက်ရှိပြီး စိုက်ပျိုးရေး/ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုနှင့် တပ်ရင်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ မိသားစုဝင်များအား အဝတ်အထည်များ ပေးအပ်ချီးမြှင့်သည်။

တိုင်းမှူးသည် ဖေဖော်ဝါရီ ၁၆ ရက်တွင် တိုင်းစစ်ဌာနချုပ်၌ ကျင်းပသော စုပေါင်းထမနဲထိုးပြိုင်ပွဲသို့ တက်ရောက်၍ ပြိုင်ပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး အမှာစကားပြောကြားကာ ပြိုင်ပွဲဝင်အသင်းတို့ ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးသည်။

ထို့နောက် ဆုချီးမြှင့်ပွဲအခမ်းအနားတွင် တာဝန်ရှိသူများက ဆုရရှိသောအသင်းများအား ဆုများအသီးသီး ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် တိုင်းမှူးက ပထမဆုရရှိသောအသင်းအား ပထမဆုကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရန်ကုန်တိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်မှူးချုပ်ထွန်းသန်း စုပေါင်းထမနဲထိုးပြိုင်ပွဲတွင် ပထမဆုရရှိသော အသင်းအား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

## The Future Myanmar Business Report
## မဂ္ဂဇင်းမိတ်ဆက်ပွဲနှင့် ဆွေးနွေးပွဲကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၁၇**

The Future Myanmar Business Report မဂ္ဂဇင်းမိတ်ဆက်ပွဲနှင့် ဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၄ရက် မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ ဆီဒိုးနားဟိုတယ်၌ ကျင်းပရာ The Future Myanmar Business Report မဂ္ဂဇင်း မန်နေဂျင်းအယ်ဒီတာ ဒေါ်စိုးယုဝေက မဂ္ဂဇင်းထုတ်ဝေရခြင်းနှင့် စပ်လျဉ်း၍ မိတ်ဆက်စကားပြောကြားသည်။**(အောက်ပုံ)**

ထို့နောက် ဂျပန်နိုင်ငံ Economic Sustainable Development - ESD 21 မှ Chairman Mr. Satoshi Kuroiwa ၊ Managing Director Mr. Isao Wazawa နှင့် Director Mr. Akio Suzuki တို့က " Basic Principle and Practical Advantage of TOYOTA Production System (TPS)/ Lean System" အကြောင်းကိုရှင်းလင်းဆွေးနွေးကြသည်။

ယင်းနောက် တက်ရောက်လာကြသူများက သိလိုသည်များကို မေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားကြပြီး Myanmar Resources Group မှ ဦးတင်မောင်အေးက ကျေးဇူးတင်စကားပြောကြားသည်။

The Future Myanmar Business Report မဂ္ဂဇင်းတွင် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံမှ အောင်မြင်ထင်ရှားသော စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံခြင်းများ၊ လုပ်ငန်းရှင်၏ လုပ်ငန်းများနှင့် ထုတ်ကုန်ပစ္စည်းများကို မျက်နှာဖုံးဆောင်းပါးများအဖြစ် ဖော်ပြသွားပြီး လုပ်ငန်းနှင့်ဆက်စပ်သော ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဆောင်းပါး၊ ဈေးကွက်အလားအလာဆောင်းပါးစသည်ဖြင့် Focus ဆောင်းပါးများကိုလည်း ဖော်ပြသွားမည်ဖြစ်သည်။ စီးပွားရေး နယ်ပယ်ကဏ္ဍတစ်ခုချင်းအလိုက် လစဉ် ဦးစားပေးဖော်ပြသွားမည့်အပြင် အခြားစီးပွားရေးသတင်းအချက်အလက်များ၊ ကိန်းဂဏန်းများကိုလည်း စုစည်းတင်ပြသွားမည်ဖြစ်သည်။

The Future Myanmar Business Report မဂ္ဂဇင်းကို မြန်မာ၊ အင်္ဂလိပ်၊ ဂျပန်သုံးဘာသာဖြင့် ထုတ်ဝေမည်ဖြစ်ပြီး ထိုင်းနိုင်ငံနှင့် ဂျပန်နိုင်ငံရှိ မြန်မာနိုင်ငံသံရုံးများ၊ ဂျပန်နိုင်ငံရှိ အစိုးရရုံးများ၊ ဂျပန်နိုင်ငံရှိ အောင်မြင်ကျော်ကြားသောကုမ္ပဏီများ၊ လေကြောင်းလိုင်းများသို့ ဖြန့်ဝေသွားမည့်အပြင် နိုင်ငံတစ်ဝန်းရှိ အရောင်းဆိုင်များသို့လည်း ဖြန့်ဖြူးရောင်းချသွားမည်ဖြစ်ရာ နယ်ပယ်အသီးသီးမှ လုပ်ငန်းရှင်များ၊ ပညာရှင်များနှင့် အခြားကဏ္ဍများမှ တာဝန်ရှိသူများအား The Future Myanmar Business Report ၏ အစိတ်အပိုင်း အဖွဲ့အစည်းတစ်ခုဖြစ်သော Myanmar Resources Group နှင့် ပူးပေါင်းဆောင်ရွက်နိုင်ရန် ဖိတ်ခေါ်ထားသည်။

ထို့ပြင် Myanmar Resources Group အနေဖြင့် ပြည်တွင်းမှ လုပ်ငန်းရှင်များအတွက် လိုအပ်သော အကူအညီများ၊ အကြံဉာဏ်များကို ဆွေးနွေးတိုင်ပင်ညှိနှိုင်း၍ ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်သည်။ မိမိတို့၏ ထုတ်ကုန်ပစ္စည်းများ ပြည်ပသို့ တင်ပို့ရောင်းချလိုသည့်ပစ္စည်းများ၊ ပြည်တွင်းသို့ တင်သွင်းဖြန့်ဖြူး ရောင်းချလိုသော ပစ္စည်းများအတွက် ပြည်တွင်း ပြည်ပ လုပ်ငန်းရှင်များ အချင်းချင်း နှစ်ဦးနှစ်ဖက်ညှိနှိုင်းဆောင်ရွက်နိုင်ရန် စီစဉ်မှုများလည်း ပြုလုပ်ပေးမည်ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

ကွယ်လွန်သူ ကိုဇော်ဦးဆွေအားရည်စူး၍ အင်ကြင်းမြိုင်လမ်း ရန်ကုန်မြို့ သုဝဏ္ဏနေ ဦးညွန့်ဆွေ-ဒေါ်သက်သက်ဆွေ၊ သား၊ သမီး၊ မြေးတစ်စုက ဇီဝိတဒါနသံဃာ့ဆေးရုံကြီး (ရန်ကုန်)၌ ဆောက်လုပ်လျက်ရှိသော ခြောက်ထပ်သံဃာ့ဆေးကုသဆောင်သစ်ကြီး၏ အခန်းတစ်ခန်းအတွက် အလှူငွေကျပ် ၂၄သိန်း ပေးအပ်လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမောင်မောင်လက်ခံစဉ်။ (သတင်းစဉ်)

## အထက(၅)တောင်ဥက္ကလာပ မြတ်ဆရာပူဇော်ပွဲကျင်းပမည်

**ရန်ကုန် ဖေဖော်ဝါရီ ၁၇**

အထက(၅)တောင်ဥက္ကလာပတွင် ပညာသင်ကြားပေးခဲ့ကြသော အသက်(၆၀) ကျော် ဆရာကြီး၊ ဆရာမကြီးများအား ကျောင်းသား၊ ကျောင်းသူဟောင်းများက စတုတ္ထအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို ဖေဖော်ဝါရီ ၂၇ရက်(တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် အဆိုပါကျောင်း မြတ်လေးဆောင်၌ကျင်းပမည်ဖြစ်ရာ ဆရာကြီး၊ ဆရာမကြီးများနှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်ကြပါရန်နှင့် အလှူငွေလှူဒါန်းလိုသူများသည် အထက(၅)ကျောင်းအုပ်ဆရာကြီးဦးအော်ရှိန် ဖုန်း-၀၁ ၅၆၅၃၀၈၊ ဦးခင်မောင်သန်း ဖုန်း-၀၉-၅၁၇၁၇၅၅၊ ဦးဇော်မျိုးထက် ဖုန်း-၀၁-၅၆၃၄၅၇၊ ဦးတင့်ဇော် ဖုန်း-၀၉-၅၀၇၀၅၃၈၊ ဒေါက်တာခင်ကျော်ညို ဖုန်း-၀၁-၅၆၃၄၇၉၊ ဒေါ်နွယ်နွယ်ဝင်း ဖုန်း-၀၁-၅၇၁၃၇၂၊ ဦးသက်ဇော်ထိုက် ဖုန်း-၀၁-၇၃၁၀၀၈၈၄တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (၆၃)

## အိန္ဒိယနိုင်ငံ ဖိတ်ခေါ်ပန်းချီရေးဆွဲပွဲသို့ မြန်မာနိုင်ငံမှ ပန်းချီဆရာနှစ်ဦး တက်ရောက်

**ရန်ကုန် ဖေဖော်ဝါရီ ၁၇**

The Indian Council for Cultural Relations(ICCR) ၏ စီစဉ်ဖိတ်ကြားမှုဖြင့် အိန္ဒိယနိုင်ငံ Kerala မြို့တွင် နိုင်ငံတကာမှ ပန်းချီပညာရှင်များ တွေ့ဆုံပန်းချီရေးဆွဲခြင်း Kerala Green Artists Camp ကို ဖေဖော်ဝါရီ ၁၆ရက်မှ ၂၃ရက်အထိ ကျင်းပမည်ဖြစ်ရာ မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင်များအစည်းအရုံး (ဗဟို)မှ အတွင်းရေးမှူး ပန်းချီဦးကြည်ဝင်း(တူဒေး)နှင့် ပန်းချီဦးနေမျိုးဆေးတို့ ရန်ကုန်လေဆိပ်မှ ထိုင်းလေကြောင်းခရီးဖြင့် ကာလကတ္တားမြို့သို့ ဖေဖော်ဝါရီ ၁၅ ရက်က ထွက်ခွာသွားကြောင်း သိရသည်။

အဆိုပါခရီးစဉ်တွင် အစည်းအရုံး(ဗဟို)မှ ဒုတိယဥက္ကဋ္ဌ(၁) ဦးသန့်စင်(ခ)ပန်းချီလှတင်ထွန်း၊ ဒုတိယဥက္ကဋ္ဌ(၂) ဦးစောလှိုင်၊ ဒုတိယဥက္ကဋ္ဌ(၄) ဦးအောင်သိန်း၊ စာရင်းစစ်မှူး ဦးသိန်းကျော်၊ စည်းရုံးရေးမှူး ဦးမြတ်ဟန် တွဲဖက်ပြန်ကြားရေးမှူး ဦးနီပိုဦး၊တွဲဖက်နိုင်ငံခြားရေးမှူး ဦးမျိုးဟန်ကြွယ်နှင့် တာဝန်ရှိသူများနှင့် မိသားစုတို့က ပို့ဆောင် နှုတ်ဆက်ကြကြောင်း သိရှိရသည်။ **(အောက်ပုံ)** (ကြေးမုံ)

## မော်တော်ယာဉ်များ မီးလောင်မှုသတိပြု

မော်တော်ယာဉ်များ အသုံးပြုရာတွင် မောင်းနှင်နေစဉ်နှင့် ရပ်ထားစဉ် ဝါယာရှော့ဖြစ်ခြင်း၊ ကားဂက်(စ်)အိုးအဝင် ပိုက်ဆက်ပြုတ်ရာမှ ဒိုင်နမိုနှင့်ထိ၍ မီးလောင်ခြင်း၊ စက်နှိုးထားစဉ် ဆီထည့်ခြင်း၊ ကာပရိုက်တာဆီလျှံခြင်း၊ ကားခေါင်းခန်းအတွင်း ခြင်ဆေးခွေထွန်းခြင်း၊ ပူပြင်းသောရာသီကာလ နေ့လယ်ပိုင်းတွင် ပလတ်စတစ်ပုံးများဖြင့် ဆီလှယ်ခြင်း၊ ညအချိန်ကားပြင်နေစဉ် ဖယောင်းတိုင်မီးဖြင့် ကြည့်ရှုခြင်း၊ ဆီထည့်နေစဉ် ဆေးလိပ်သောက်ခြင်း၊ လက်ကိုင်ဖုန်းပြောခြင်းနှင့် မီးပွားထွက်နိုင်သည့်နေရာများတွင် ဆီထည့်ခြင်းတို့ကြောင့် မီးလောင်မှုဖြစ်ပွားနိုင်ကာ မလိုလားအပ်သော ဆုံးရှုံးမှုများဖြစ်ပေါ်နိုင်သဖြင့် ဖော်ပြပါအချက်များ မဖြစ်ပေါ်စေရေးအတွက် သတိပြုရှောင်ကြဉ်ကြရန်၊ မီးလောင်မှုဖြစ်ပွားပါက အလွယ်တကူငြိမ်းသတ်နိုင်သော ဓာတုဗေဒပေါင်ဒါမှုန့်ခြောက် မီးသတ်ဆေးဘူး (Dry Chemical Powder)အား မော်တော်ယာဉ်တိုင်းတွင် အသင့်ဆောင်ထားသင့်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

**မီးသတ်ဦးစီးဌာန**

## မြဝတီရုပ်မြင်သံကြား အစီအစဉ်

**၁၈-၂-၂၀၁၁ (သောကြာနေ့)**

**နံနက်ပိုင်း**

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၃ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
- ၇း၀၅ ၃။ နိုင်ငံတော်သီချင်း
- ၇း၁၀ ၄။ တရားတော်
- ၇း၁၅ ၅။ ဓမ္မပူဇာတေး
- ၇း၂၀ ၆။ မျိုးချစ်တပ်မတော်
- ၇း၂၅ ၇။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇း၃၀ ၈။ မြန်မာသံစဉ်ချိုနားဝင်
- ၇း၄၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇း၅၀ ၁၀။ အမျိုးသားရေး တေးကဗျာ
- ၈း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြား သတင်း
- ၈း၁၀ ၁၂။ ဦးတည်ချက် (၁၂)ရပ်
- ၈း၁၃ ၁၃။ အမျိုးသားရေး တေးကဗျာ
- ၈း၁၅ ၁၄။ အပိတ်နှုတ်ဆက်စကား
- ၈း၁၆ ၁၅။ ပြီးပါပြီ။

**ညပိုင်း**

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၅ ၂။ နိုင်ငံတော်သီချင်း
- ၄း၁၀ ၃။ အဖွင့်သီချင်း
- ၄း၁၅ ၄။ မျိုးချစ်တပ်မတော်
- ၄း၂၅ ၅။ ဇာတ်လမ်းတို
- ၄း၃၀ ၆။ ရင်မှာစွဲလမ်း တော်ဝင်ပန်း
- ၄း၄၅ ၇။ အိုင်စီတီသုတ
- ၄း၅၅ ၈။ အားလုံးရဲ့တာဝန်
- ၅း၁၀ ၉။ ၂၀၁၁ ခုနှစ်တက္ကသိုလ်ဝင်စာမေးပွဲအထောက်အကူပြုသင်ခန်းစာ (သမိုင်း)
- ၅း၂၅ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၅း၃၀ ၁၁။ သဘာဝပတ်ဝန်းကျင်နှင့် တောတွင်းတိရစ္ဆာန်များ -အေးချမ်းသော သဘာဝမြေ (အပိုင်း-၂)
- ၆း၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၁၀ ၁၃။ အမျိုးသားရေး တေးကဗျာ
- ၆း၁၅ ၁၄။ "ရွာ"ဟာသဇာတ်လမ်းတွဲ
- ၆း၄၅ ၁၅။ စောင့်မျှော်ရှုစား ကြိုးဝိုင်းစကား
- ၇း၀၀ ၁၆။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -ကြယ်စင်ညီအစ်မများ (အပိုင်း-၅၈)**
- ၈း၀၀ ၁၇။ မြဝတီရုပ်မြင်သံကြား သတင်း
- ၁၈။ အမျိုးသားရေး တေးကဗျာ
- ၁၉။ ဦးတည်ချက်(၁၂)ရပ်
- ၂၀။ နိုင်ငံတကာသတင်း
- ၂၁။ မိုးလေဝသသတင်း
- ၂၂။ သံစဉ်များနှင့်ကမ္ဘာ
- ၂၃။ လျှပ်တစ်ပြက်
- ၂၄။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
- ၂၅။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
- ၂၆။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -ဘတစ်ပြန်ကျားတစ်ပြန် (အပိုင်း-၁၂)**
- ၂၇။ ကမ္ဘာတစ်ခွင်ခရီးစဉ်
- ၂၈။ သင့်အတွက်မနက်ဖြန်
- ၂၉။ အပိတ်နှုတ်ဆက်စကား
- ၃၀။ ပြီးပါပြီ။

**မီး သတိပြု**

❖ **ကျောဖုံးမှ**

သံပေါင်တပ်ဆင်ခြင်းအခမ်းအနား ကျင်းပမည့် မင်္ဂလာမဏ္ဍပ်အနီးတို့တွင် မအူပင်ခရိုင်နှင့် ညောင်တုန်းမြို့နယ်တို့မှ တောင်သူလယ်သမားကြီးများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များက ပြည်ထောင်စုအလံများကို ကိုင်ဆောင်ချီတက်လာကြသလို ကြိုတင်ရောက်ရှိနေကြသော ဆရာ၊ ဆရာမများဦးဆောင်သည့် ကျောင်းသား၊ ကျောင်းသူကလေးများ၏ ပန်းဖွားအကများ၊ ဒေသခံများ၏ ရိုးရာကရင်ဒိုးယိမ်းအကများ၊ ညောင်တုန်းသား မိုးယံဇော်အနုပညာအဖွဲ့၏ ဆင်အကများတို့က ချီတက်လာသော တောင်သူလယ်သမားများကို ဧည့်ခံဖျော်ဖြေလျက်ရှိသည်။ အခမ်းအနားကား ဧရာဝတီတံတား(ညောင်တုန်း)၏ သံပေါင်တင်မင်္ဂလာအခမ်းအနား ဖြစ်သည်။

အခမ်းအနားသို့ ဧရာဝတီတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်မောင်ဝင်းနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်တို့ ရောက်ရှိလာကြပြီး တိုင်းမှူးနှင့် ဝန်ကြီးတို့သည် ဧရာဝတီတံတား(ညောင်တုန်း)၏ ပထမဆုံးသံပေါင်ကို ရွှေမှုလီများတပ်ဆင်ပေးကာ အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။ ထို့နောက် သံပေါင်ကိုတပ်ဆင်နိုင်ရန် စက်ခလုတ်နှိပ်၍ “မ”တင်ပေးလိုက်ရာ သံပေါင်ဆင်မြန်မာအင်ဂျင်နီယာတစ်ဖက်လျှင် ငါးဦး ပေါင်း ၁၀ ဦးတို့က ကရိန်းဖြင့် “မ”တင်ရာတွင် မတိမ်းစောင်းရအောင် ရွှေကြိုးများကိုင်၍ ထိန်းပေးကြသည်။

ဧရာဝတီတံတား(ညောင်တုန်း)၏ ပထမဆုံးသံပေါင်ကို မြေပြင်မှတံတားဘိုးတိုင်များပေါ်သို့ “မ”တင်၍ မြန်မာသံပေါင်ဆင် အင်ဂျင်နီယာများက အောင်မြင်စွာတပ်ဆင်

**ဧရာဝတီတံတား(ညောင်တုန်း)၌ ပထမဆုံးတပ်ဆင်မည့် သံပေါင်ကြီးကို ကရိန်းဖြင့် “မ” တင်ရာ မတိမ်းစောင်းစေရန် မြန်မာအင်ဂျင်နီယာလုပ်သားကြီးများက ကြိုးများဖြင့် ထိန်းပေးနေစဉ်။**

နေစဉ် တိုင်းမှူးနှင့် ဝန်ကြီးတို့သည် မင်္ဂလာလှေကားဖြင့် တံတားပေါ်တက်ရောက်၍ ကြည့်ရှုအားပေးကြပြီး သံပေါင်တင်မင်္ဂလာအခမ်းအနား အောင်မြင်ခြင်းအထိမ်းအမှတ်အဖြစ် ရွှေငွေများ ကြဲချပေးလိုက်သည်။

သံပေါင်တင်မင်္ဂလာအခမ်းအနားက ထိုသို့ တစ်ခဏလေးသာဖြစ်သည်။ သို့သော် မင်္ဂလာမဏ္ဍပ်မှ တက်ရောက်လေ့လာခွင့်ရခဲ့သော ကျွန်တော်၏ မြင်ကွင်းနှင့်စိတ်အာရုံထဲမှာတော့ ပြည်သူများ ပျော်ရွှင်စွာချီတက်လာကြပုံ၊ ဒေသခံတိုင်းရင်းသူ၊ တိုင်းရင်းသားများ ကရင်ဒိုးယိမ်းကနေကြပုံ၊ ပန်းဖွားအကဖြင့် ပါဝင်ကပြကြသော ဆရာ၊ ဆရာမများဦးဆောင်သည့် ကျောင်းသူ၊ ကျောင်းသားကလေးများ၏ တေးသွားနှင့်အကများ၊ ညောင်တုန်းမိုးယံဇော်အနုပညာအင်အားစုမှ တင်ဆက်နေသည့် ဆင်အကများ၊ တီးမှုတ်ကခုန်ခြင်း မပြုကြသော်လည်း ပြုံးပျော်နေကြသည့် ဒေသခံတောင်သူလယ်သမားများ၏ မျက်နှာများ၊ ဧရာဝတီတံတား(ညောင်တုန်း)မှ ပထမဆုံးတံတားသံပေါင်ကြီးကို ကျွမ်းကျင်စွာ “မ”ယူပြီး တပ်ဆင်နေသော မြန်မာအင်ဂျင်နီယာများ လုပ်အားစွမ်းပကားစသည် စသည်တို့မှာ တော်တော်နှင့် ဖျောက်ဖျက်၍မရအောင် မြင်နေတုန်းဖြစ်သည်။

နိုင်ငံတော်အစိုးရသည် အနာဂတ်နိုင်ငံတော်သစ်အတွက် ရေရှည်အကျိုးကိုမျှော်ကိုးပြီး ပြည်ထောင်စုကြီးတစ်ခုလုံး မျှမျှတတ ဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်၍ လမ်းနှင့်တံတားများကို ဖောက်လုပ်တည်ဆောက်ပေးလျက်ရှိပေသည်။ အထူးသဖြင့် မြစ်ချောင်းများပေါများပြီး ရေလမ်းတစ်ခုတည်းကိုသာ အားထားနေရသည့် ဧရာဝတီတိုင်းဒေသကြီးအတွင်း မည်သည့်မြို့ရွာသို့မဆို ကားဖြင့် သွားလာနိုင်စေရန် လမ်းကွန်ရက် ၁၁ သွယ်ကို ဖောက်လုပ်ပေးခဲ့ပြီးဖြစ်သကဲ့သို့ တံတားပေါင်းများစွာကို ဆောက်လုပ်ပေးထားပြီးဖြစ်သည်။

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းသည် ယခုအခါ ဧရာဝတီမြစ်ကြီးပေါ်တွင် တံတားကြီးငါးစင်းကို တစ်ပြိုင်နက်တည်း တည်ဆောက်နေလျက်ရှိရာ ပင်မတံတားအရှည် ၁၁၄၃၁ ပေ (၂ ဒသမ ၁၆ မိုင်) ရှိပြီး ကားလမ်း၊ ရထားလမ်းနှစ်မျိုးပါဝင်မည့် ဧရာဝတီတံတား(ပခုက္ကူ)၊ ပင်မတံတားအရှည် ၃၂၁၅ ပေ ၅ လက်မရှိပြီး ကားနှင့်ရထားလမ်းနှစ်မျိုးပါရှိသည့် ဧရာဝတီတံတား(မလွန်)၊ ပင်မတံတားအရှည် ၇၄၀၂ ပေ မိုင်အားဖြင့် ၁ ဒသမ ၄ မိုင်ရှိပြီး ကားလမ်းနှင့် ရထားလမ်းနှစ်မျိုးပါသည့် ဧရာဝတီတံတား(ညောင်တုန်း)၊ ကားလမ်းနှင့် ရထားလမ်း နှစ်မျိုးစလုံးပါသည့် ဧရာဝတီတံတား(စင်းခန်း)နှင့် ပင်မတံတားအရှည် ၂၄၈၉ ပေရှည်သည့် ဧရာဝတီတံတား(ရတနာသိင်္ခ)တို့ဖြစ်ပြီး ယခုအခါ အဆိုပါတံတားကြီး ငါးစင်းအနက် ဧရာဝတီတံတား(ပခုက္ကူ)နှင့် ဧရာဝတီတံတား(ညောင်တုန်း)တို့မှာ တံတားသံပေါင်များ စတင်တပ်ဆင်နေပြီဖြစ်သည်။

ဧရာဝတီတံတား(ညောင်တုန်း)အား နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက ညောင်တုန်းမြို့နယ် ရန်ကုန်-ပုသိမ်လမ်း မိုင်တိုင် (၄၀)နှင့် (၄၄)အကြားရှိ ဗိုလ်မြတ်ထွန်းတံတားကြီး၏ အထက်ဘက် ပေ ၈၀၀၀ အကွာတွင် တည်ဆောက်လျက်ရှိပြီး ကားလမ်းနှင့်ရထားလမ်း တွဲလျက်တည်ဆောက်နေသည့် တံတားကြီးဖြစ်ကာ ၁-၁-၂၀၁၀ ရက်နေ့က R.P 19 ၌ ပန္နက်တင်မင်္ဂလာအခမ်းအနားပြုလုပ်၍ အထူးစီမံကိန်းကြီးများအဖွဲ့(၅)က စတင်တည်ဆောက်ခဲ့သောတံတားကြီး ဖြစ်သည်။

**စီမံကိန်းဆိုင်ရာ အဓိကအချက်အလက်များ**
**ဧရာဝတီတံတား(ညောင်တုန်း)တည်ဆောက်ရေးစီမံကိန်း**

| | | |
|---|---|---|
| ၁။ | တည်နေရာ | - ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ညောင်တုန်းမြို့နယ် |
| ၂။ | ပင်မတံတားအရှည် | - (၂၂၅၆)မီတာ (၇၄၀၂)ပေ (၁. ၄)မိုင် |
| ၃။ | ချဉ်းကပ်တံတားအရှည် | |
| | ပုသိမ်ဘက်ကမ်း(ကားလမ်း) | - (၁၈၃၇)ပေ |
| | ရန်ကုန်ဘက်ကမ်း(ကားလမ်း) | - (၁၅၇၅)ပေ |
| | စုစုပေါင်းကားလမ်းတံတားအရှည် | - (၃၄၁၂)ပေ |
| | ပုသိမ်ဘက်ကမ်း(ရထားလမ်း) | - (၆၅၂၉)ပေ |
| | ရန်ကုန်ဘက်ကမ်း(ရထားလမ်း) | - (၆၆၁၄)ပေ |
| | စုစုပေါင်းရထားလမ်းတံတားအရှည် | - (၁၃၁၄၃)ပေ |
| ၄။ | ချဉ်းကပ်ကားလမ်းအရှည် | |
| | ပုသိမ်ဘက်လမ်း | - (၃၄၄၇)ပေ |
| | ရန်ကုန်ဘက်လမ်း | - (၇၉၄၂)ပေ |
| | စုစုပေါင်းချဉ်းကပ်ကားလမ်း | - (၁၁၃၈၉)ပေ |
| ၅။ | တံတားတစ်စင်းလုံးအရှည် | |
| | (ပင်မတံတား+ချဉ်းကပ်ကားလမ်းတံတား) အရှည် | - (၁၀၈၁၄)ပေ(၂. ၀၅)မိုင် |
| | (ပင်မတံတား+ချဉ်းကပ်ရထားလမ်းတံတား) အရှည် | - (၂၀၅၄၅)ပေ(၃. ၈၉)မိုင် |
| ၆။ | တံတားအမျိုးအစား | |
| | (က) တံတားအုတ်မြစ်နှင့် အောက်ထည် | - သံကူကွန်ကရစ် |
| | (ခ) တံတားအပေါ်ထည် | - သံမဏိသံပေါင် |
| ၇။ | ခန်းဖွင့်ဖွဲ့စည်းပုံ(၂၀)ခန်း | |
| | (၁၂၀)မီတာ (၁၆)ခန်း | - (သံပေါင်) |
| | (၁၀၀)မီတာ (၂)ခန်း | - (သံပေါင်) |
| | (၆၀)မီတာ (၂)ခန်း | - (သံပေါင်) |
| ၈။ | ရေလမ်းကင်းလွတ်အကျယ် | - (၈၀)မီတာ (၂၆၂)ပေ |
| ၉။ | ရေလမ်းကင်းလွတ်အမြင့် | - (၁၇. ၃၇)မီတာ (၅၇)ပေ |
| ၁၀။ | စီမံကိန်းစတင်သည့်နေ့ | - (၁-၁-၂၀၁၀)ရက်နေ့ |

**ဧရာဝတီတံတား(ညောင်တုန်း) ရေလယ်တိုင်များ ပြီးစီးနေသည်ကို ဤသို့ တွေ့ခဲ့ရသည်။**

**ဧရာဝတီတံတား(ညောင်တုန်း)တွင် သံပေါင်များတပ်ဆင်နိုင်ရန် တံတားတိုင်များကို ဤသို့ တည်ဆောက်ထားရှိပြီးဖြစ်သည်။**

တံတားကြီးတစ်စင်းလုံး ပြီးစီးမှုရာခိုင်နှုန်းမှာ ၂၁-၁-၂၀၁၁ ရက်နေ့အထိ ၆၃ ရာခိုင်နှုန်းဖြစ်သည်ဟု သိရသည်။ ကျွန်တော်သည် သံပေါင်တင်မင်္ဂလာမဏ္ဍပ်ရှေ့မှာ နေရာယူ တန်းစီစောင့်ဆိုင်းနေကြသော သံပေါင်များတပ်ဆင်ရေးအဖွဲ့ဝင် မြန်မာလုပ်သားကြီးများနှင့် အင်ဂျင်နီယာများထဲမှ အဖွဲ့စုခေါင်းဆောင် ကိုမင်းဇော်အောင် ဆိုသူကို မေးကြည့်ရာ-

“ညောင်တုန်းတံတားစီမံကိန်းတွင် သံပေါင်တပ်ဆင်ရေး ကျွမ်းကျင်အဖွဲ့ သီးသန့် ၃၀၀ ရှိကြောင်း၊ စီမံကိန်းအင်ဂျင်နီယာမှူးကြီး၏ ညွှန်ကြားမှုဖြင့် သံပေါင်တပ်ဆင်ခြင်းလုပ်ငန်းကို အဆင့်(၃)ဆင့်ဖြင့် တပ်ဆင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မိမိတို့အဖွဲ့သည် လုပ်ငန်းအတွေ့အကြုံရှိကြသူများဖြစ်၍ အမှားအယွင်းမရှိ ဆောင်ရွက်နိုင်ကြကြောင်း၊ လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေးကို ပထမဦးစားပေး ဆောင်ရွက်ကြမှာဖြစ်ကြောင်း၊ ဤတံတားကြီးတစ်စင်းလုံး သံပေါင်တပ်ဆင်ခြင်းလုပ်ငန်းကို မိမိတို့ ယခုရှိသည့် လူ၊ စက်၊ ယန္တရားအင်အားနှင့်ဆိုလျှင် အမြန်ပြီးနိုင်ကြောင်း”ဖြင့် ရှင်းလင်းပြောပြသည်။

ဤတံတားကြီးပြီးသွားလျှင် ဧရာဝတီတိုင်းဒေသကြီးတစ်ခုလုံးသည် မော်တော်ကားလမ်းကွန်ရက်များအပြင် ရထားလမ်းပါကွန်ရက်သဖွယ် ပေါ်ပေါက်လာမည်ဖြစ်၍ လမ်းပန်းဆက်သွယ်မှုများ ပိုမိုကောင်းမွန်လာမည်ဖြစ်သည်။ ထိုအခါ လူမှုရေး၊ ပညာရေး၊ စီးပွားရေးများတိုးတက်၍ ဒေသတွင်းမှပြည်သူများ လူမှုဘဝ ပိုမိုဖွံ့ဖြိုးလာတော့မည်ဖြစ်ကြောင်း မြင်ယောင်မိရင်း သတင်းဆောင်းပါး ရေးသားတင်ပြလိုက်ရပါသည်။ ။

**လယ်ယာသန်းခေါင်စာရင်း ကောက်ယူခြင်း ဆင့်ပွားသင်တန်း စဥ့်ကူးမြို့၌ ဖွင့်လှစ်**

**နေပြည်တော် ဖေဖော်ဝါရီ ၁၇**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် စဥ့်ကူးမြို့၌ မြန်မာနိုင်ငံ လယ်ယာသန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်း (မြို့နယ်အဆင့်) ဆင့်ပွားသင်တန်းဖွင့်ပွဲကို ဖေဖော်ဝါရီ ၁ ရက် နံနက် ၉ နာရီတွင် မြို့နယ်မြေစာရင်းဦးစီးဌာနရုံးခန်းမ၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးစိုင်းမောင်လူက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်မြေစာရင်းဦးစီးဌာနမှူး ဦးနီဝင်းလှိုင်က သင်တန်းဖွင့်လှစ်ရသည့် ရည်ရွယ်ချက်နှင့် ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်အခြေအနေများကို ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းကို ဖေဖော်ဝါရီ ၁ ရက်မှ ၅ ရက်အထိ ဖွင့်လှစ်ပို့ချခဲ့ကြောင်း သိရှိရသည်။

(သတင်းစဉ်)

**မီးဖိုသုံးလျှင် မီး သတိပြုပါ**

(က) သုံးစွဲပြီးပါက မီးကြွင်းမီးကျန် မရှိပါစေနှင့်။
(ခ) မီးဖိုအနီးမှာ လူစောင့်အမြဲထားပါ။
(ဂ) မီးဖိုအနီး လောင်စာဆီ မထားပါနှင့်။
(ဃ) အိုမင်းမစွမ်းသူများနှင့် ကလေးသူငယ်များကို မီးမွှေးခြင်း၊ ထမင်းချက်ခြင်း၊ ရေနွေးကျိုခြင်းများ မပြုလုပ်ခိုင်းပါနှင့်။
(င) သုံးစွဲပြီးလျှင် မီးကြွင်းမီးကျန်မရှိအောင် စနစ်တကျစစ်ဆေးပါ။
(စ) အခါအားလျော်စွာ သတ်မှတ်ထားသည့် မီးသုံးစွဲချိန်များကို လိုက်နာပါ။
(ဆ) မီးဖိုနံဘေးတွင် လုံလောက်သော အကာအရံထားရှိပြီး သဲပုံး၊ ရေပုံးများ ထားပါ။

**မီးသတ်ဦးစီးဌာန**

# အကြမ်းမဖက်ရေးလမ်းစဉ်ဖြင့်သာ အမျိုးသားပြန်လည်စည်းလုံးညီညွ

ဒေါ်အောင်ဆန်းစုကြည် လွတ်မြောက်လာပြီးနောက် **"ငါးမင်းဆွေမှ ဒေါ်အောင်ဆန်းစုကြည်သို့(၂)"** အိတ်ဖွင့်ပေးစာကို ပြည်တွင်းသတင်းဂျာနယ်များက ဖော်ပြခဲ့ကြပါသည်။ ထိုအိတ်ဖွင့်ပေးစာတွင် အီရတ်နိုင်ငံကို အမေရိကန်နှင့် အနောက်အုပ်စုနိုင်ငံတွေက စီးပွားရေးပိတ်ဆို့ဒဏ်ခတ်သည့်အတွက် စားနပ်ရိက္ခာနှင့် ဆေးဝါးများ ပြတ်တောက်သွားပြီး အီရတ်ကလေးငယ် အမြောက်အမြားသေဆုံးခဲ့ရကြောင်း၊ ထို့ကြောင့် စီးပွားရေးပိတ်ဆို့ဒဏ်ခတ်ခြင်းသည် လူသားများကို သေစေနိုင်သည်အထိ ဖြစ်ပေါ်စေသည့် အကြမ်းဖက်တိုက်ခိုက်မှုဖြစ်သည်ကို ဘယ်လိုမှ မငြင်းနိုင်ကြောင်း၊ စီးပွားရေးပိတ်ဆို့ဒဏ်ခတ်ခြင်းသည် အကြမ်းဖက်တိုက်ခိုက်ခြင်းမဟုတ်ပါဟု ခိုင်လုံသည့် အကြောင်းပြချက်နှင့်တကွ လူသိရှင်ကြား ငြင်းဆိုနိုင်ကြောင်း၊ ထိုသို့မှ မငြင်းနိုင်လျှင်တော့ စီးပွားရေးပိတ်ဆို့ဒဏ်ခတ်ခြင်းသည် အကြမ်းဖက်တိုက်ခိုက်မှုဖြစ်သည်ဟု ဝန်ခံရမှာဖြစ်ကြောင်း ရေးသားခဲ့ပါသည်။ ဤသို့ ကျွန်တော်၏ ပြည်တွင်းသတင်းဂျာနယ်များတွင် လူသိရှင်ကြား တောင်းဆိုမှုအပေါ် ဒေါ်အောင်ဆန်းစုကြည်အနေဖြင့် ပြန်လည်ဖြေရှင်းလာလိမ့်မည်ဟု မျှော်လင့်မိခဲ့ပါသည်။

**မြန်မာနိုင်ငံအပေါ် စီးပွားရေးပိတ်ဆို့ဒဏ်ခတ်ခြင်းနှင့် ပတ်သက်၍ ဒေါ်အောင်ဆန်းစုကြည်၏ NLD အဖွဲ့က ကြေညာချက်တစ်စောင် ထုတ်ပြန်ခဲ့ပါသည်။ ထိုကြေညာချက်ကို ကျွန်တော်ဖတ်ရှုခဲ့ရပါသည်။ ထိုကြေညာချက်ထဲတွင် ကျွန်တော်မေးထားသော စီးပွားရေးပိတ်ဆို့ဒဏ်ခတ်ခြင်းသည် အကြမ်းဖက်တိုက်ခိုက်ခြင်း ဟုတ်/မဟုတ်ဆိုသည့်အချက်ကို လုံးဝ ပြန်လည်ဖြေရှင်းခြင်း မရှိခဲ့ပါ။ စီးပွားရေးပိတ်ဆို့ဒဏ်ခတ်ခြင်းသည် အကြမ်းဖက်ရာရောက်သည်ဆိုသော အချက်မှာ ငြင်းဆို၍မရနိုင်အောင် မှန်နေ၍သာ ဤသို့ ပြန်လည်ဖြေရှင်းခြင်းမရှိခြင်းဖြစ်သည်ဟု ထင်မြင်မိပါသည်။**

NLD ၏ မြန်မာနိုင်ငံအပေါ် စီးပွားရေးပိတ်ဆို့ ဒဏ်ခတ်မှုများနှင့်စပ်လျဉ်းသည့် ကြေညာချက်ထဲတွင် မြန်မာပြည်သူတို့ ရင်ဆိုင်နေရသော စီးပွားရေးအကျပ်အတည်းမှာ ပိတ်ဆို့ဒဏ်ခတ်မှုကြောင့် မဟုတ်ကြောင်း၊ ပိတ်ဆို့မှုကြောင့် အခြေခံလူတန်းစားများကို ထိခိုက်နစ်နာမှုမရှိကြောင်း၊ တောင်သူလယ်သမားများ၏ စီးပွားရေးကို ထိခိုက်နစ်နာမှုမရှိကြောင်း၊ စီးပွားရေးပိတ်ဆို့ဒဏ်ခတ်ရခြင်း၏ အကြောင်းရင်းမှာ လူ့အခွင့်အရေး ချိုးဖောက်ရခြင်းနှင့် ဒီမိုကရေစီကျင့်စဉ် ကင်းမဲ့မှုတို့ကြောင့် ဖြစ်ကြောင်း၊ စီးပွားရေးပိတ်ဆို့ဒဏ်ခတ်ခြင်းကို မြန်မာနိုင်ငံရှိ မည်သည့်နိုင်ငံရေးပါတီ၊ အဖွဲ့အစည်းနှင့် လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၏ တောင်းဆိုမှုများကြောင့် ချမှတ်ရသည်မဟုတ်ဘဲ သက်ဆိုင်ရာနိုင်ငံများ၏ ဆုံးဖြတ်ချက်သာဖြစ်ကြောင်း ဖတ်ရှုရပါသည်။

**မြန်မာနိုင်ငံမှာ စီးပွားရေးရင်းနှီးမြှုပ်နှံမှုတွေ လာမလုပ်ကြပါနဲ့ဦး၊ ကမ္ဘာလှည့်ခရီးသည်တွေ မလာကြပါနဲ့ဦး၊ တွေ့ဆုံဆွေးနွေးမှုကိုရွေးမလား၊ အလုံးစုံပျက်သုဉ်းရေးကို ရွေးမလားစသည့် ဒေါ်အောင်ဆန်းစုကြည်၏ တောင်းဆိုမှုများကို မြန်မာပြည်သူများ နားနှင့်ဆတ်ဆတ်ကြားခဲ့ရပြီးဖြစ်ပါသည်။ စီးပွားရေးပိတ်ဆို့ဒဏ်ခတ်ခြင်းသည် မလုပ်သင့်မလုပ်အပ်သော အကျပ်ကိုင်အကြမ်းဖက်လုပ်ရပ်ဖြစ်ကြောင်း မြန်မာပြည်သူများ ကောင်းစွာသိမြင်လာပြီဆိုသည်ကို ရိပ်စားမိသောကြောင့် ဒေါ်အောင်ဆန်းစုကြည်နှင့် NLD သည် အဆိုပါ ကြေညာချက်ကို ထုတ်ပြန်ပြီး ဒီလုပ်ရပ်တွေ တို့နှင့်မဆိုင်ဟုဆိုကာ ကိုယ်လွတ်ရုန်းပြေးကြခြင်းဖြစ်ကြောင်း နားလည်မိပါသည်။**

စစ်သေနင်ဗျူဟာတွင် ရန်သူစခန်းကို တက်ရောက်တိုက်ခိုက်သိမ်းပိုက်ခြင်းထက် ရန်သူစခန်းအား ရိက္ခာဖြတ်တောက်ခြင်းသည် အထိရောက်ဆုံးနှင့် မိမိဘက်မှ ထိခိုက်နစ်နာမှုအနည်းဆုံး နည်းဗျူဟာဖြစ်ပါသည်။ အမေရိကန်နှင့် အနောက်အုပ်စုတို့သည် ဒီမိုကရေစီနှင့် လူ့အခွင့်အရေးကို အကြောင်းပြပြီး သူတို့၏ အလိုတော်ရိများ မြန်မာနိုင်ငံတွင် အာဏာရရှိလာစေရန် ရည်ရွယ်ချက်ဖြင့် တပ်မတော်အစိုးရ ပြိုလဲသွားစေရန် ဝိုင်းဝန်းတိုက်ခိုက်ခဲ့ကြသည်။ ထိုသို့ တိုက်ခိုက်ရာတွင် ရန်သူကို ရိက္ခာဖြတ်တောက်ခြင်းနည်းဗျူဟာနှင့် ဆင်တူသည့် စီးပွားရေးပိတ်ဆို့ဒဏ်ခတ်ခြင်းနည်းဗျူဟာကို သုံးခဲ့ကြသည်။ သူတို့၏အလိုတော်ရိများက ထိုလုပ်ရပ်ကို ထောက်ခံအားပေးခဲ့ကြသည်။ သို့ရာတွင် အစိုးရ၊ ပြည်သူနှင့် တပ်မတော်တို့၏ စည်းလုံးညီညွတ်စွာ လက်တွဲဆောင်ရွက်မှု၊ အိမ်နီးချင်းနိုင်ငံများ၏ မိတ်ဆွေကောင်းပီသမှုတို့ကြောင့် မြန်မာနိုင်ငံအပေါ် စီးပွားရေးပိတ်ဆို့ဒဏ်ခတ်မှုသည် ထိရောက်အောင်မြင်ခြင်း မရှိခဲ့ပါ။ ထို့ကြောင့် NLD ၏ကြေညာချက်တွင် ပါရှိသည့်အတိုင်း ပိတ်ဆို့ဒဏ်ခတ်မှုသည် မြန်မာပြည်သူတို့အပေါ် များစွာ ထိခိုက်နစ်နာခြင်းမရှိခဲ့ပါ။

စီးပွားရေးပိတ်ဆို့ဒဏ်ခတ်ရခြင်း၏ အကြောင်းရင်းမှာ လူ့အခွင့်အရေးချိုးဖောက်ခြင်းနှင့် ဒီမိုကရေစီကျင့်စဉ် ကင်းမဲ့မှု

> **အမေရိကန်နှင့် အနောက်အုပ်စုတို့က မြန်မာနိုင်ငံအစိုးရသည် လူ့အခွင့်အရေးချိုးဖောက်ပြီး ဒီမိုကရေစီစနစ်ကို ကျင့်သုံးခြင်းမရှိဟု အကြောင်းပြကာ မြန်မာနိုင်ငံအား စီးပွားရေးပိတ်ဆို့ဒဏ်ခတ်နေကြသည့် တစ်ချိန်တည်းမှာပင် လူ့အခွင့်အရေး ချိုးဖောက်ပြီး ဒီမိုကရေစီထွန်းကားခြင်း မရှိသေးဟု သူတို့ပြောဆိုစွပ်စွဲသော နိုင်ငံအချို့ကိုမူ စီးပွားရေးအထူးအခွင့်အရေးများပေးကာ ရွှေလမ်းငွေလမ်းဖောက် ဆက်ဆံနေသည်ကို တွေ့ရ။**

**ငါးမင်းဆွေ**

တို့ကြောင့်ဖြစ်သည်ဟု NLD ၏ ကြေညာချက်တွင် ဖော်ပြထားသည်။ အမေရိကန်နှင့် အနောက်အုပ်စုနိုင်ငံတို့သည် စီးပွားရေးဖွံ့ဖြိုးတိုးတက်ပြီးသောနိုင်ငံများဖြစ်ကြသည်။ နိုင်ငံသားများ ပညာရည်မြင့်မားကြသည်။ ဒီမိုကရေစီကျင့်စဉ်ခိုင်မာစွာအမြစ်တွယ်ပြီးသောနိုင်ငံများဖြစ်ကြသည်။ ထိုနိုင်ငံတို့သည် အရွယ်ရောက်ပြီးလူကြီးတစ်ယောက်နှင့် အသွင်တူပါသည်။ မြန်မာနိုင်ငံနှင့် ဒေသတွင်းရှိ နိုင်ငံအချို့သည် စီးပွားရေး၊ ပညာရေးနှင့် ဒီမိုကရေစီနိုင်ငံရေးများ တိုးတက်ပြည့်စုံရင့်ကျက်ခိုင်မာခြင်း မရှိသေးပါ။ ထို့ကြောင့် နုနယ်သောကလေးငယ်များနှင့် အသွင်တူပါသည်။ လူ့အခွင့်အရေးနှင့် ဒီမိုကရေစီကျင့်စဉ်တို့သည် အစွမ်းထက်သော အားဆေးများဖြစ်ကြသည်။ သို့သော် ထိုအားဆေးကို အရွယ်ရောက်ပြီး အနောက်အုပ်စုနိုင်ငံတို့ကို တိုက်ကျွေးသော စံနှုန်းအတိုင်း နုနယ်အရွယ်မရောက်သေးသော မြန်မာနိုင်ငံအပါအဝင် ဒေသတွင်းရှိ နိုင်ငံအချို့ကို တိုက်ကျွေးရန် မသင့်တော်ပါ။ တစ်စိတ်တန်တစ်စိတ်၊ တစ်ခြမ်းတန်တစ်ခြမ်းမျှသာ အချိန်အဆနှင့် တိုက်ကျွေးရပါသည်။ ထိုသို့**လူ့အခွင့်အရေးနှင့် ဒီမိုကရေစီကို အချိန်အဆမှန်စွာ သုံးစွဲခဲ့ခြင်းကြောင့် ဒေသတွင်းရှိ နိုင်ငံအချို့တို့သည် စီးပွားရေးအင်အား တောင့်တင်းခိုင်မာလာကြပါသည်။ မြန်မာနိုင်ငံသည်လည်း လူ့အခွင့်အရေးနှင့် ဒီမိုကရေစီကျင့်စဉ်ကို မလိုမပိုသော အချိန်အဆဖြင့်သုံးစွဲပြီး နိုင်ငံတော်ကို ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်ကြီးဖြစ်အောင် တည်ဆောက်လျက်ရှိပါသည်။**

**အမေရိကန်နှင့် အနောက်အုပ်စုတို့က မြန်မာနိုင်ငံအစိုးရသည် လူ့အခွင့်အရေးချိုးဖောက်ပြီး ဒီမိုကရေစီစနစ်ကို ကျင့်သုံးခြင်းမရှိဟု အကြောင်းပြကာ မြန်မာနိုင်ငံအား စီးပွားရေးပိတ်ဆို့ဒဏ်ခတ်နေကြသည့် တစ်ချိန်တည်းမှာပင် လူ့အခွင့်အရေးချိုးဖောက်ပြီး ဒီမိုကရေစီထွန်းကားခြင်းမရှိသေးဟု သူတို့ပြောဆိုစွပ်စွဲသော နိုင်ငံအချို့ကိုမူ စီးပွားရေးအထူးအခွင့်အရေးများပေးကာ ရွှေလမ်းငွေလမ်းဖောက် ဆက်ဆံနေသည်ကို တွေ့ရပါသည်။** မြန်မာနိုင်ငံတွင် စစ်အစိုးရအုပ်ချုပ်နေသည်ကို အကြောင်းပြပြီး မြန်မာနိုင်ငံကို ပိတ်ဆို့နေသည့် တစ်ချိန်တည်းမှာပင် လူထုရွေးချယ်တင်မြှောက်ထားသည့် ဒီမိုကရေစီအစိုးရတစ်ရပ်ကို ဖြုတ်ချပြီး ဗိုလ်ချုပ်ကြီးတစ်ဦးအုပ်ချုပ်သည့် နိုင်ငံတစ်ခုကိုမူ စီးပွားရေး၊ စစ်ရေးအကူအညီ များစွာပေးခဲ့သည်။ ဤအဖြစ်မှန်ကိုသိလာသော မြန်မာပြည်သူတို့သည် အမေရိကန်နှင့် အနောက်အုပ်စုက မြန်မာနိုင်ငံအပေါ် စီးပွားရေးပိတ်ဆို့ဒဏ်ခတ်ခြင်းသည် ၎င်းတို့အလိုကျအတိုင်း ဖြစ်လာစေရန် စော်ကားအနိုင်ကျင့်ဖိအားပေးသော အကြမ်းဖက်လုပ်ရပ်ဖြစ်ကြောင်း သိရှိလာကြသည်။ မြန်မာနိုင်ငံအပေါ် စီးပွားရေးပိတ်ဆို့ဒဏ်ခတ်ရန် တောင်းဆိုခဲ့ကြသော ဒေါ်အောင်ဆန်းစုကြည်နှင့် NLD အပေါ် မြန်မာနိုင်ငံကိုချစ်သော မြန်မာနိုင်ငံသားတိုင်း မကျေမနပ်ဖြစ်ကြရသည်။ အမေရိကန်နှင့် အနောက်အုပ်စုတို့က မြန်မာနိုင်ငံအပေါ် စီးပွားရေးပိတ်ဆို့ဒဏ်ခတ်ခြင်းကြောင့် မြန်မာနိုင်ငံကိုချစ်သော မြန်မာပြည်သူများနှင့် NLD တို့အကြားတွင် စိတ်ဝမ်းကွဲမှုများဖြစ်ပေါ်ခဲ့ပြီး အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးကို ထိခိုက်စေခဲ့ပါသည်။

**"ကမ္ဘာ့ငြိမ်းချမ်းရေးခေါင်းဆောင်ကြီး မဟတ္တမဂန္ဒီ၏ အကြမ်းမဖက်ရေးလမ်းစဉ်ကို လက်ခံယုံကြည်သည်"** ဟု ဒေါ်အောင်ဆန်းစုကြည်ပြောသည်ကို ကျွန်တော်ကြားဖူးပါသည်။ ကျွန်တော် ငါးမင်းဆွေကိုယ်တိုင်လည်း မဟတ္တမဂန္ဒီကြီး၏ အကြမ်းမဖက်ရေးလမ်းစဉ်ကို သက်ဝင်ယုံကြည်ပါသည်။ ဒေါ်အောင်ဆန်းစုကြည်အနေဖြင့် မဟတ္တမဂန္ဒီကြီး၏ အကြမ်း

မဖက်ရေးလမ်းစဉ်ကို ပြန်လည်
ဂန္ဒီကြီး၏ အကြမ်းမဖက်ရေးလမ်းစ
ကောက်နုတ်တင်ပြခွင့်ပြုပါရန် မေ

အကြမ်းမဖက်ရေးသဘော
အသုံးချနိုင်သောအင်အားတို့တွင်
အကြမ်းမဖက်ရေးသဘောတရား
အမြင့်ဆုံးသော စွန့်လွှတ်မှုကို ပြုလု
သူကို ပြန်ချစ်ခင်ခြင်းသည် အကြမ်း
မိမိအားမုန်းသူကို ချစ်ခင်နိုင်မှ
ဖြစ်သည်။ အကြမ်းမဖက်ရေး၏
အခိုင်အမာဖော်ပြခြင်း ဖြစ်သည်။
သဘောမတိုက်ဆိုင်သူ(ရန်သူ)ကို
မိမိကိုယ်မိမိ အနစ်နာခံခြင်းဖြင့်
ဂန္ဒီကြီးက အကြမ်းမဖက်ရေးလ
သဘောတရား အနက်အဓိပ္ပာယ်

> * ဒေသတွင်းရှိ နိုင်ငံ
> စနစ်ဆီသို့ ရောက်
> ကူးပြောင်းနေ။
>
> * ဒီမိုကရေစီစနစ်ဆီ
> အနက်မှ စီးပွား
> လှံစိုက်လိုက်ခြင်း
>
> * ထိုသို့ မခံမရပ်နိုင်
> ကြီးကို တို့တစ်ဝေ
> ဖြစ်လာအောင် ကြ
> ခိုင်ခိုင်မာမာ ပေ

ဒေါ်အောင်ဆန်းစုကြည်သည်
မတိုက်ဆိုင်သည့် အစိုးရတစ်ရပ်
စေရေးအတွက် စီးပွားရေးပိတ်ဆ
အားမြှောက် တောင်းဆိုထောက်ခံ
မိမိနှင့် သဘောထားမတိုက်ဆိုင်
မဟတ္တမဂန္ဒီကြီး၏ အကြမ်းမဖက်
ကြီး ဆန့်ကျင်ပြီး အစိုးရနှင့် ပြ
အကြမ်းဖက်ရာရောက်ခဲ့ပါသည်။
**အနေဖြင့် မဟတ္တမဂန္ဒီကြီး၏ အ**
**လိုက်နာကျင့်သုံးမည်ဆိုပါလျှင် မိမိ**
**သည့် အစိုးရတစ်ရပ် ဘေးကျပ်**
**ပြည်သူများ ဒုက္ခရောက်စေရန် လ**
**ပိတ်ဆို့ဒဏ်ခတ်ရန် တောင်းဆို**
**ပြန်လည်ရုပ်သိမ်းသင့်ပါသည်။ ထို**
**အစိုးရ၊ မြန်မာပြည်သူတို့နှင့် ဒေါ်**
**တို့အကြားဖြစ်ပေါ်နေသည့် စိတ်ဝ**
**အမျိုးသားပြန်လည်စည်းလုံး ညီ**
**နိုင်လိမ့်မည်ဟု ကျွန်တော် ယုံကြ**

အမေရိကန်၏ မြန်မာနိုင်ငံ
ဒဏ်ခတ်မှုကြောင့် မြန်မာနိုင်ငံ၏
နှုန်းခန့် ၂၀၀၃ ခုနှစ်က ရပ်ဆိုင်းသွ

# ...သုံးလုံးညီညွတ်ရေးကို ဖော်ဆောင်နိုင်မည်

မဖက်ရေးလမ်းစဉ်ကို ပြန်လည်လေ့လာနိုင်ပါရန် မဟတ္တမဂန္ဓီကြီး၏ အကြမ်းမဖက်ရေးလမ်းစဉ်မှ အချက်အလက်အချို့ကို ကောက်နုတ်တင်ပြခွင့်ပြုပါရန် မေတ္တာရပ်ခံပါသည်။

အကြမ်းမဖက်ရေးသဘောတရားသည် လူ့လောက၌ အသုံးချနိုင်သောအင်အားတို့တွင် အကြီးဆုံးအင်အားဖြစ်သည်။ အကြမ်းမဖက်ရေးသဘောတရားကို ယုံကြည်ကျင့်သုံးသူသည် အမြင့်ဆုံးသော စွန့်လွှတ်မှုကို ပြုလုပ်နိုင်သည်။ မိမိအား ချစ်ခင်သူကို ပြန်ချစ်ခင်ခြင်းသည် အကြမ်းမဖက်ရေးသဘောမဟုတ်ပါ။ မိမိအားမုန်းသူကို ချစ်ခင်နိုင်မှ အကြမ်းမဖက်ရေးသဘောဖြစ်သည်။ အကြမ်းမဖက်ရေး၏ အဓိပ္ပာယ်မှာ အမှန်တရားကို အခိုင်အမာဖော်ပြခြင်း ဖြစ်သည်။ ထိုသို့ဖော်ပြရာတွင် မိမိနှင့်သဘောမတိုက်ဆိုင်သူ(ရန်သူ)ကို ဒုက္ခပေးခြင်းဖြင့် မဖော်ပြရ၊ မိမိကိုယ်မိမိ အနစ်နာခံခြင်းဖြင့် ဖော်ပြရမည်ဟု မဟတ္တမဂန္ဓီကြီးက အကြမ်းမဖက်ရေးလမ်းစဉ်နှင့် ပတ်သက်သည့် သဘောတရား အနက်အဓိပ္ပာယ်တို့ကို မိန့်ဆိုခဲ့ပါသည်။

ခေတ်မီပုံးကြဲလေယာဉ်တွေနှင့် တိုက်ခိုက်ခြင်းမပြုရဘဲ မြန်မာ့အထည်ချုပ်စက်ရုံများ ရပ်ဆိုင်းခဲ့ရပါသည်။ အထည်ချုပ်အလုပ်သမလေးတွေနှင့် သူတို့ကို မှီခိုနေသည့် မြန်မာကလေးငယ်တွေကို ထိခိုက်နစ်နာစေခဲ့ပါသည်။ ဤသည်မှာ မြန်မာနိုင်ငံအပေါ် အမေရိကန်တို့က အသံတိတ်စီးပွားရေးလက်နက်ဖြင့် အကြမ်းဖက်တိုက်ခိုက်ခြင်းဖြစ်ပါသည်။ ဤသို့အကြမ်းဖက်တိုက်ခိုက်ခြင်း ဖြစ်လာအောင် ဒေါ်အောင်ဆန်းစုကြည်နှင့် NLD တို့က အားပေးအားမြှောက် တောင်းဆိုခဲ့ကြသည်ဆိုသည်ကို မြန်မာနိုင်ငံသားများ သိရှိကြပါသည်။ **ဒေသတွင်းရှိ နိုင်ငံအချို့နည်းတူ မြန်မာနိုင်ငံသားများသည် မိမိတို့နိုင်ငံကို ဒီမိုကရေစီစနစ်ဆီသို့ရောက်အောင် မိမိတို့လူမျိုးနှင့် သင့်တော်သည့် စံနှုန်းများနှင့်အညီ အသွင်ကူးပြောင်းနေကြပါသည်။ ဒီမိုကရေစီစနစ်ဆီသို့ ညင်သာစွာအသွင်ကူးပြောင်းနေကြသည့် ဒေသတွင်းနိုင်ငံများအနက်မှ စီးပွားနေအင်အားချို့တဲ့သည့် ကျွန်တော်တို့ မြန်မာနိုင်ငံကိုမှ မြေနိမ့်ရာလှံစိုက်လိုက်ခြင်းကိုမူ**

*** ဒေသတွင်းရှိ နိုင်ငံအချို့နည်းတူ မြန်မာနိုင်ငံသားများသည် မိမိတို့နိုင်ငံကို ဒီမိုကရေစီစနစ်ဆီသို့ ရောက်အောင် မိမိတို့လူမျိုးနှင့် သင့်တော်သည့်စံနှုန်းများနှင့်အညီ အသွင်ကူးပြောင်းနေ။**

*** ဒီမိုကရေစီစနစ်ဆီသို့ ညင်သာစွာအသွင်ကူးပြောင်းနေကြသည့် ဒေသတွင်းနိုင်ငံများအနက်မှ စီးပွားဓနအင်အားချို့တဲ့သည့် ကျွန်တော်တို့ မြန်မာနိုင်ငံကိုမှ မြေနိမ့်ရာလှံစိုက်လိုက်ခြင်းကိုမူ မြန်မာနိုင်ငံသားများ မခံမရပ်နိုင်ဖြစ်ကြရ။**

*** ထိုသို့ မခံမရပ်နိုင်ဖြစ်သည့် စိတ်အခံမှသည် မြန်မာနိုင်ငံသားများသည် "တို့နိုင်ငံတော်ကြီးကို တို့တစ်တွေမသေမီ စီးပွားရေးအင်အား တောင့်တင်းခိုင်မာတဲ့ နိုင်ငံတော်ကြီးဖြစ်လာအောင် ကြိုးပမ်းလုပ်ဆောင်ကြရမယ်" ဟူသည့် အမျိုးသားရေးစိတ်ဓာတ်များ ခိုင်ခိုင်မာမာ ပေါ်ပေါက်လာကြ။**

ဒေါ်အောင်ဆန်းစုကြည်သည် မိမိနှင့် စိတ်သဘောထားချင်း မတိုက်ဆိုင်သည့် အစိုးရတစ်ရပ် ဘေးကျပ်နံကျပ် ဖြစ်ပေါ်စေရေးအတွက် စီးပွားရေးပိတ်ဆို့ဒဏ်ခတ်ခြင်းကို အားပေးအားမြှောက် တောင်းဆိုထောက်ခံခဲ့ပါသည်။ ထိုလုပ်ရပ်သည် မိမိနှင့် သဘောထားမတိုက်ဆိုင်သူကို ဒုက္ခမပေးရဆိုသော မဟတ္တမဂန္ဓီကြီး၏ အကြမ်းမဖက်ရေးလမ်းစဉ်နှင့် ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်ပြီး အစိုးရနှင့် ပြည်သူတို့အပေါ် အကျပ်ကိုင်အကြမ်းဖက်ရာရောက်ခဲ့ပါသည်။ **ဒေါ်အောင်ဆန်းစုကြည်အနေဖြင့် မဟတ္တမဂန္ဓီကြီး၏ အကြမ်းမဖက်ရေးလမ်းစဉ်ကို လိုက်နာကျင့်သုံးမည်ဆိုပါလျှင် မိမိနှင့် သဘောထားမတိုက်ဆိုင်သည့် အစိုးရတစ်ရပ် ဘေးကျပ်နံကျပ်ဖြစ်စေရန်၊ မြန်မာပြည်သူများ ဒုက္ခရောက်စေရန် လုပ်ဆောင်ခဲ့သည့် စီးပွားရေးပိတ်ဆို့ဒဏ်ခတ်ရန် တောင်းဆိုထောက်ခံအားပေးခဲ့ခြင်းကို ပြန်လည်ရုပ်သိမ်းသင့်ပါသည်။ ထိုသို့ ရုပ်သိမ်းလိုက်မည်ဆိုပါက အစိုးရ၊ မြန်မာပြည်သူတို့နှင့် ဒေါ်အောင်ဆန်းစုကြည်၏ NLD တို့အကြားဖြစ်ပေါ်နေသည့် စိတ်ဝမ်းကွဲမှုများ ပပျောက်သွားပြီး အမျိုးသားပြန်လည်စည်းလုံး ညီညွတ်ရေးကို တည်ဆောက်နိုင်လိမ့်မည်ဟု ကျွန်တော် ယုံကြည်ပါသည်။**

အမေရိကန်၏ မြန်မာနိုင်ငံအပေါ် စီးပွားရေးပိတ်ဆို့ဒဏ်ခတ်မှုကြောင့် မြန်မာနိုင်ငံ၏ အထည်ချုပ်စက်ရုံ ၈၀ ရာခိုင်နှုန်းခန့် ၂၀၀၃ ခုနှစ်က ရပ်ဆိုင်းသွားခဲ့ရပါသည်။ အမေရိကန်က **မြန်မာနိုင်ငံသားများ မခံမရပ်နိုင်ဖြစ်ကြရပါသည်။ ထိုသို့ မခံမရပ်နိုင်ဖြစ်သည့် စိတ်အခံမှသည် မြန်မာနိုင်ငံသားများသည် "တို့နိုင်ငံတော်ကြီးကို တို့တစ်တွေမသေမီ စီးပွားရေးအင်အား တောင့်တင်းခိုင်မာတဲ့ နိုင်ငံတော်ကြီးဖြစ်လာအောင် ကြိုးပမ်းလုပ်ဆောင်ကြရမယ်" ဟူသည့် အမျိုးသားရေးစိတ်ဓာတ်များ ခိုင်ခိုင်မာမာပေါ်ပေါက်လာကြပါသည်။**

ဒေါ်အောင်ဆန်းစုကြည်သည် ကမ္ဘာ့ငြိမ်းချမ်းရေးဖခင်ကြီး မဟတ္တမဂန္ဓီ၏ အကြမ်းမဖက်ရေးလမ်းစဉ်ကို လက်ခံယုံကြည်သူဖြစ်ပါသည်။ ကျွန်တော် ငါးမင်းဆွေသည်လည်း ဒေါ်အောင်ဆန်းစုကြည်ကဲ့သို့ပင် မဟတ္တမဂန္ဓီကြီး၏ အကြမ်းမဖက်ရေးလမ်းစဉ်ကို လက်ခံယုံကြည်သူ ဖြစ်ပါသည်။ မူဝါဒလမ်းစဉ်တစ်ရပ်ကို လက်ခံယုံကြည်ပြီးလျှင် လိုက်နာကျင့်သုံးရန်လိုအပ်ပါသည်။ ထို့ကြောင့် မဟတ္တမဂန္ဓီကြီး၏ အကြမ်းမဖက်ရေးလမ်းစဉ်ကို လက်ခံယုံကြည်သည့် ဒေါ်အောင်ဆန်းစုကြည်အနေဖြင့် နိုင်ငံနှင့်လူမျိုးအပေါ် အကျပ်ကိုင်အကြမ်းဖက်ရာရောက်စေသည့် စီးပွားရေးပိတ်ဆို့ဒဏ်ခတ်ခြင်းကို ဆန့်ကျင်ပြောဆိုသင့်ပါကြောင်းနှင့် စီးပွားရေးလက်နက်ဖြင့် မြန်မာနိုင်ငံအပေါ် ဖိအားပေးအကျပ်ကိုင်အကြမ်းဖက်နေသည့် နိုင်ငံများကို ထိုသို့မပြုလုပ်ပါရန် စည်းရုံးပြောဆိုသင့်ပါကြောင်း ရိုသေစွာ ရေးသားတင်ပြအပ်ပါသည်။ ။

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

**၁၈-၂-၂၀၁၁ (သောကြာနေ့)**

AM & PM

၅:၀၀ MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+ခန္ဓသုတ်၊ မောရသုတ်+ဝဋ္ဋသုတ်

၅:၂၀ MRTV-4 သတင်း

၅:၅၀ "ဩဝါဒပါတိမောက် အခါသမယနေ့"တရားတော် (ရွှေလင်းယုန်ဆရာတော် ဘဒ္ဒန္တအရဝိန္ဒာဘိဝံသ)

၆:၄၅ ရှုတိုင်းလှသည် ပထက်တောင် အတုလရံသီ

၆:၅၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မင်းအတွက်ဆိုရင်" (အပိုင်း-၁၈)**

၇:၃၀ MRTV-4 သတင်း

၈:၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်" (အပိုင်း-၁၃၅)**

၈:၄၀ Emperor Love Concert (Part-4)

၉:၂၀ နှင်းမှုန်ဝေစီကုံရာသီလရယ်တဲ့ တပို့တွဲနွဲကြလေပြီ ထမနဲပွဲ

၉:၃၀ Movie Talk (အသာမစ်အနာခံလူကြမ်းများ) (အပိုင်း-၆)

၁၀:၀၀ ဆရာစံရုပ်ကွက်လုံးဆိုင်ရာ(၅၁) ကြိမ်မြောက်နှစ်ကိုပ်ရှစ်ဆုဗုဒ္ဓ ဘုရားရှင်ကြီးများ ဒေသစာရီကြွချီ အပူဇော်ခံခြင်း

၁၀:၁၅ ကျန်းမာပျော်ရွှင်မီးအိမ်ရှင်ကဏ္ဍ (ဒေါက်တာနိုက်တင်ဂေးလ်နှင့် ဆွေးနွေးခန်း)

၁၀:၃၅ ရန်ကုန်မြင်ကွင်းကျယ် [ရွှေစိန်တောင် (စိန်ရွှေရတနာဆိုင်)]

၁၀:၄၅ ဖက်ရှင်လမ်းညွှန် (ဒီဇိုင်နာဘုတ်ဘုတ်ရဲ့ ပွဲတက်ဝတ်စုံများ)

၁၁:၀၀ ရန်ကုန်မြင်ကွင်းကျယ် (ရန်ကုန်ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ် ၁၉၇၅-၇၉ ခုနှစ် ဓာတုဗေဒ/ ကုန်ထုတ်ဓာတုဗေဒ ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ အာစရိယ ပူဇော်ပွဲ)

၁၁:၂၅ မဟာသဒ္ဒမရံသီရွှေစေတီတော်မြတ်ကြီးဗုဒ္ဓပူဇနိယပွဲတော်နှင့် ဆီမီးကိုးထောင် ပန်းကိုးထောင်လှူဒါန်းပွဲ

၁၁:၃၅ MRTV-4 ကာတွန်းအစီအစဉ်

၁၂:၀၅ ဒါနပါရမီဖြည့်နိုင်မှာ ကောင်းမှုတော်စေတီမဟာ

၁၂:၃၀ နိဗ္ဗာန်ကိုရည်သန်. . . ဖူးကြမည် ဇေကန်မြတ်စေတီကျိုက်သလ္လံ

၁:၀၀ "ဩဝါဒပါတိမောက် အခါသမယနေ့"တရားတော် (ရွှေလင်းယုန်ဆရာတော် ဘဒ္ဒန္တအရဝိန္ဒာဘိဝံသ)

၂:၀၀ MRTV-4 သတင်း

၂:၂၀ Style ရှိမှ Star ဖြစ်မယ်

၃:၂၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မင်းအတွက်ဆိုရင်" (အပိုင်း-၁၈)**

၄:၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်" (အပိုင်း-၁၃၅)**

၄:၅၀ လောကီလောကုတ္တရာနှစ်ဖြာ ချမ်းသာဝိသခါ

၅:၀၅ The Champion of Dance

၅:၅၀ ရန်ကုန်မြင်ကွင်းကျယ် (ထုပ်ပိုးမှုပုံစံအသစ်နဲ့ Anlene နို့မှုန့်ရဲ့ Launching Ceremony)

၆:၀၀ MRTV-4 သတင်း

၆:၂၀ Shwedagon Exhibition

၆:၄၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မင်းအတွက်ဆိုရင်" (အပိုင်း-၁၉)**

၇:၂၀ Emperor Love Concert (Part-5)

၈:၀၀ MRTV-4 သတင်း

၈:၃၀ စကျွဲအလင်းဝေဖြာ တိုက်နယ်ညောင်ကျိုးမှာ

၉:၀၀ အနုပညာမိုးကောင်းကင်

၉:၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်" (အပိုင်း-၁၃၆)**

၁၀:၁၀ ဂီတသရုပ်ပြခန်း (မင်းထက်မောင်မောင်)

၁၀:၃၅ သူတို့ပြောတဲ့သူတို့အကြောင်း (ကျော်ကျော်ဗို) (အပိုင်း-၁)

၁၁:၀၀ ယွန်းအနုပညာတစ်ခု၏ ဖြစ်တည်ရာ

၁၁:၂၅ VJ Choice

၁၁:၅၀ သဘာဝအလှရတနာ သစ်ခွကမ္ဘာ

၁၂:၀၅ World of Knowledge (Perilous Journeys Crossing The Himalaya)

၁၂:၄၅ ယဉ်ကျေးသွင်ပြင် ဝတ်စားဆင်ပိုးချိတ်အသွင်

၁:၀၅ စမ်းသပ်စိုက်ပျိုးဝင်ငွေတိုး (ဖရုံသခွားစိုက်ပျိုးနည်း)

၁:၂၅ တစ်ပြည်ဝင်အိုး (ဇော်ဦး၊ ခိုင်ခန့်၊ အာကာစိုး၊ နွဲ့နွဲ့မူ၊ မျိုးစန္ဒီကျော်) [ဒါရိုက်တာ-ဝင်းမောင်ရွှေ (Art)]

၁:၅၀ စွဲမက်ဖွယ်ရာရတနာ (လင်းလက်တောက်ပ ဂေါ်မိတ်အလှ)

၂:၁၅ သစ်သီးဝလံပေါပြည့်ဝေဆာ တို့မြေမှာ (ဒူးရင်း၊ မင်းကွတ်၊ ကြက်မောက်)

၂:၃၀ အလှဆင်စရာပရိဘောဂကမ္ဘာ (Inner Space)

၂:၄၅ မြန်မာစာသုံးဖို့ မြန်မာယူနီကုဒ် ပရိုဂရမ်များ

၃:၀၀ ကဏ္ဍစုံလင်အားကစားအစီအစဉ်

၄:၀၀ မြန်မာမှုလက်ရာပန်းတဉ်းပညာ

၄:၃၀ စဉ်ဆက်မပြတ် ထိန်းသိမ်းစရာ မြန်မာ့ရိုးရာဂီတပညာ

၄:၄၅ ဆုပန်ရည်စူး အရောက်ဖူး. . . မြတ်ဘုရားဖောင်တော်ဦး

၅:၀၀ အစီအစဉ်ပြီး။

**MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုးVHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။**

**တောင်ကြီးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။**

## ဈေးကွက်မြှင့်တင်မှုဆိုင်ရာနှင့် လက်လီလုပ်ငန်းစီမံခန့်ခွဲမှုဆိုင်ရာ တနင်္ဂနွေသင်တန်းဖွင့်မည်

**ရန်ကုန် ဖေဖော်ဝါရီ ၁၇**

Green World-Academy of Marketing က လုပ်ငန်းခွင်ရှိ ဈေးကွက်မြှင့်တင်မှုဆိုင်ရာ လက်တွေ့အသုံးချသင်တန်းများနှင့် လက်လီလုပ်ငန်းစီမံခန့်ခွဲမှု တနင်္ဂနွေသင်တန်းများကို ဖေဖော်ဝါရီ ၂၀ ရက်တွင် ဖွင့်လှစ်သွားမည်ဖြစ်သည်။

ဈေးကွက်မြှင့်တင်မှုဆိုင်ရာ သင်တန်းများတွင် ဈေးကွက်ဖော်ဆောင်မှုဆိုင်ရာ အခြေခံမှစ၍ ဈေးကွက်ဖော်ဆောင်မှုဆိုင်ရာ အသုံးချနည်းဗျူဟာများနှင့် ဈေးကွက်ထိုးဖောက်မှုပုံစံများ စသည့်နည်းလမ်းများကို ကျွမ်းကျင်ပိုင်နိုင်စွာ လုပ်ဆောင်နိုင်စေရန် ရည်ရွယ်၍ သင်ကြားမည်ဖြစ်ကြောင်းသိရှိရသည်။ ထို့အပြင် လက်တွေ့အသုံးချ လက်လီလုပ်ငန်း စီမံခန့်ခွဲမှုသင်တန်းတွင်လည်း လက်လီလုပ်ငန်းတစ်ခုလုံးကို အခြေခံမှစ၍ လုပ်ငန်းတစ်ခုလုံး အောင်မြင်စွာ စီမံခန့်ခွဲအုပ်ချုပ်နိုင်စေရန် လက်လီလုပ်ငန်းနည်းဗျူဟာများကို သင်ကြားပေးသွားမည်ဖြစ်သည်။

သင်တန်းများကို ဈေးကွက်မြှင့်တင်မှု ကုမ္ပဏီများမှ ဝန်ထမ်းများ၊ ဈေးကွက်မြှင့်တင်မှုအား အခြေခံမှစ၍ လေ့လာလိုသူများ၊ လက်လီလုပ်ငန်းတွင် လုပ်ကိုင်နေသော ဝန်ထမ်းများနှင့် စတင်လုပ်ကိုင်လိုသော စိတ်ပါဝင်စားသည့် မည်သူမဆို တက်ရောက်နိုင်သည်။

ယင်းသင်တန်းများကို တက်ရောက်သူများအားလုံးသည် ဈေးကွက်စီးပွားရေးနှင့်ပတ်သက်သည့် ပညာရပ်အခြေခံကောင်းများ လက်လီစီမံခန့်ခွဲမှုဆိုင်ရာ ဗဟုသုတပညာရပ် အခြေခံကောင်းများရရှိပြီး လက်တွေ့အလုပ်အကိုင်များတွင်လည်း ထိရောက်စွာ အသုံးချနိုင်မည်ဖြစ်သည်။

သင်ကြားမည့် သင်တန်းကာလ အချိန်မှာ ၁၆ နာရီဖြစ်ပြီး နိုင်ငံတကာ အတွေ့အကြုံ လုပ်ငန်းဆိုင်ရာအတွေ့အကြုံနှင့် ပညာရပ်ဆိုင်ရာအတွေ့အကြုံရှိ သင်တန်းဆရာများက ဦးစီး၍ စနစ်တကျ သင်ကြားပို့ချပေးသွားမည်ဖြစ်သည်။

စိတ်ပါဝင်စားသူများသည် Green World, Academy of Marketing အမှတ်(၃၈၈/၃၉၈) (၄)လွှာ ရိုးမဘဏ်အလုံဘဏ်ခွဲ အဆောက်အအုံ အပေါ်ထပ် ဆင်မင်းဈေးအနီး ဖုန်း- ၀၁-၂၂၇၀၃၂ နှင့် ၇၃၁၁၄၅၀၈ တို့သို့ အသေးစိတ် ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

## တီဘီရောဂါကာကွယ်ရေး နှိုးဆော်ချက်

ယနေ့ကမ္ဘာပေါ်တွင် တီဘီရောဂါသည် တစ်နှစ်လျှင် လူဦးရေ ကိုးသန်းခန့် ဖြစ်ပွားနေပြီး ၁ ဒသမ ၇ သန်းခန့် သေဆုံးနေပါသည်။ စက္ကန့် ၂၀ တွင် တစ်ဦးနှုန်းဖြင့် သေဆုံးလျက်ရှိပါသည်။ မြန်မာနိုင်ငံတွင်လည်း တီဘီရောဂါသည် ပြည်သူ့ကျန်းမာရေးပြဿနာတစ်ရပ်အဖြစ် တည်ရှိနေဆဲဖြစ်ပြီး အမျိုးသားကျန်းမာရေးစီမံကိန်းတွင် အဓိက ဦးစားပေးတိုက်ဖျက်ရမည့်ရောဂါအဖြစ် သတ်မှတ်ပြဌာန်းထားပါသည်။

တီဘီရောဂါသည် မိသားစု၏ ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေး၊ လူမှုရေးများကို ထိခိုက်နိုင်သဖြင့် အောက်ပါအတိုင်း ပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်-

(၁) ချောင်း နှစ်ပတ်နှင့်အထက် ဆိုးပါက တီဘီရောဂါရှိ မရှိ စစ်ဆေးပါ။

(၂) ရောဂါတွေ့ရှိပါက အစွမ်းထက်သော တီဘီဆေးများဖြင့် ရောဂါပျောက်ကင်းသည်အထိ ကျန်းမာရေးဌာနများမှ (အခမဲ့) ကုသပေးလျက်ရှိပါသည်။

(၃) တီဘီရောဂါဖြစ်လျှင် ကြောက်စရာမလိုပါ။ ဆေးကုသမှုကာလပြီးဆုံးသည်အထိ နေ့စဉ်မှန်မှန် စနစ်တကျ ဆေးသောက်ပါက ရောဂါပျောက်ကင်းမည်ဖြစ်ပါသည်။

(၄) တီဘီလူနာများ ကုသမှုကာလပြီးဆုံးသည်အထိ ဆေးကုသမှုခံယူနိုင်ရန်အတွက် ပြည်သူလူထုမှ ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**ကျန်းမာရေးဦးစီးဌာန**
**ကျန်းမာရေးဝန်ကြီးဌာန**

# သာသနာရေးဝန်ကြီးဌာန အမှုထမ်းအဆင့် အင်္ဂလိပ်စာအဆင့်မြင့်သင်တန်းဆင်းပွဲ

နေပြည်တော် ဖေဖော်ဝါရီ ၁၇

**သာသနာရေးဝန်ကြီးဌာန အမှုထမ်းအဆင့် အင်္ဂလိပ်စာအဆင့်မြင့်သင်တန်း အမှတ်စဉ်(၁)ဆင်းပွဲ အခမ်းအနားကို ယနေ့ ညနေ ၅ နာရီတွင် နေပြည်တော်ရှိ သာသနာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး သူရဦးမြင့်မောင် တက်ရောက်၍ အမှာစကားပြောကြားသည်။**

ထို့နောက် ဝန်ကြီးက အင်္ဂလိပ်စာ အဆင့်မြင့်သင်တန်း အမှတ်စဉ်(၁)တွင် ပထမ၊ ဒုတိယနှင့် တတိယရရှိသူများအား ဆုများကို ပေးအပ်ချီးမြှင့်ပြီး သင်တန်းဆင်း အောင်လက်မှတ်များကို ပေးအပ်ရာ သင်တန်းသား၊ သင်တန်းသူများကိုယ်စား သင်တန်းသားတစ်ဦးက လက်ခံသည်။

အဆိုပါ အမှုထမ်းအဆင့်အင်္ဂလိပ်စာ အဆင့်မြင့်သင်တန်း အမှတ်စဉ်(၁)သို့ သင်တန်းသား၊ သင်တန်းသူ ၂၄ ဦး တက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ ရက်သတ္တလေးပတ် ကြာမြင့်ခဲ့ကြောင်း သိရှိရသည်။ (သတင်းစဉ်)

**သာသနာရေးဝန်ကြီးဌာန ဝန်ကြီး သူရဦးမြင့်မောင် အမှုထမ်းအဆင့် အင်္ဂလိပ်စာ အဆင့်မြင့်သင်တန်းတွင် ပထမဆုရရှိသူအား ဆုပေးအပ်ချီးမြှင့်စဉ်။** (သတင်းစဉ်)

**(၆၄)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားကို ဖေဖော်ဝါရီ ၁၂ ရက်က မော်လမြိုင်ကျွန်းမြို့ လွတ်လပ်ရေးပန်းခြံ၌ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သော ပြည်ထောင်စုနေ့ သဝဏ်လွှာကို မော်လမြိုင်ကျွန်းမြို့နယ် ဥက္ကဋ္ဌ ဦးငွေမောင် ဖတ်ကြားစဉ်။** (၃၆၄)

**(၆၄)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ဗန်းမော်မြို့နယ် ထီးလင်းကျေးရွာ နှစ်လက်မစက်ရေတွင်းရေစက်ရုံနှင့် ရေဂါလန် ၁၈၀၀ ဆံ့ စက်ရေတွင်းဖွင့်ပွဲကို ဖေဖော်ဝါရီ ၅ ရက်က ကျင်းပရာ ဗန်းမော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခင်မောင်ဦးနှင့် ထီးလင်းကျေးရွာဥက္ကဋ္ဌ ဦးထွန်းထွန်းဦးတို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။** (မြို့နယ်စည်ပင်)

# ဥတ္တရသီရိမြို့နယ်၌ ပြည်သူလူထုအခြေပြု အသိပညာပေးဆွေးနွေးခြင်းဆိုင်ရာ ဆောင်ရွက်

**နေပြည်တော် ဖေဖော်ဝါရီ ၁၇**

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၏ ပြည်သူလူထု အခြေပြု အသိပညာပေးဆွေးနွေးခြင်းဆိုင်ရာ ရွေ့လျားကျန်းမာရေး ဆေးခန်း စီမံချက်လုပ်ငန်း ကွင်းဆင်းခြင်းကို ဖေဖော်ဝါရီ ၁၃ ရက် မွန်းလွဲပိုင်းတွင် နေပြည်တော်ခရိုင် ဥတ္တရသီရိမြို့နယ် ဥတ္တရသီရိ ရပ်ကွက်ရှိ အထက (၁၂)၌ဆောင်ရွက်ရာ အသင်းအတွင်းရေးမှူး ဒေါ်သဇင်နွယ်က မြန်မာနိုင်ငံမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း အကြောင်း၊ မေတ္တာစမ်းရေဆေးခန်း တာဝန်ခံဆရာဝန် ဒေါက်တာစမ်းစမ်းလှိုင်က ရွေ့လျားကျန်းမာရေးဆေးခန်း စီမံချက်နှင့် မေတ္တာစမ်းရေဆေးခန်း၏ ဝန်ဆောင်မှုများအကြောင်း၊ International Planned Parenthood Federation မှ အမှုဆောင်ညွှန်ကြားရေးမှူး ဒေါက်တာကိုကိုမော်က IPPF စီမံချက်အကြောင်း၊ ဒေါက်တာမျိုးမင်းဦးက ကိုယ်ဝန်ဆောင်စောင့်ရှောက်မှု စနစ်တကျခံယူခြင်း၊ တတ်ကျွမ်းနားလည်သူများဖြင့် မွေးဖွားရန်နှင့် မွေးပြီးစောင့်ရှောက်မှု ခံယူသင့်သည့်အကြောင်းနှင့် ဒေါက်တာစိုင်းနေလင်းအောင်က မျိုးဆက်ပွားကျန်းမာရေးတွင် အမျိုးသားများပါဝင်ရမည့် အခန်းကဏ္ဍအကြောင်းတို့ကို ရှင်းလင်းဟောပြောကြသည်။

**(အောက်ဝဲပုံ)**

အဆိုပါ လုပ်ငန်းကွင်းဆင်းဆောင်ရွက်ခြင်းသို့ ခရိုင်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ကျန်းမာရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများ၊ မြို့နယ်နှင့်ရပ်ကွက် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ ရပ်ကွက်အတွင်းရှိ အဘိုးအဘွားများ၊ ကိုယ်ဝန်ဆောင်များ အင်အား ၁၀၀ ခန့် တက်ရောက်ခဲ့ကြကြောင်းနှင့် အခမ်းအနားသို့ တက်ရောက်လာကြသော အဘိုးအဘွားများနှင့် ကိုယ်ဝန်ဆောင်မိခင်များအား ကျန်းမာရေးစောင့်ရှောက်မှုများပြုလုပ်ပေးခြင်း၊ တစ်ခါသုံး မွေးဖွားအိတ်နှင့် အနှီးပိတ်များ ပေးခြင်း၊ အိုင်အိုဒင်းဆားနှင့် ဆပ်ပြာများ ဝေငှခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။ (သတင်းစဉ်)

**(၆၄)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ် အမှတ်(၂)ရပ်ကွက် ကျိုင်းလန်းလမ်း (၂) နှင့် (၄)၊ ကျိုင်းငန်းလမ်း(၄) ကတ္တရာလမ်းထပ်ပိုးလွှာခင်းပြီးလမ်းဖွင့်ပွဲကို ဖေဖော်ဝါရီ ၉ ရက်က ကျင်းပရာ ရှမ်းပြည်နယ် (အရှေ့ပိုင်း) အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးဇော်ဝင်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုင်းထွန်းထွန်းနှင့် ရပ်မိရပ်ဖ ဦးသိန်းထိုက်တို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။** (မြို့နယ်စည်ပင်)

# အိန္ဒိယဆေးနှင့်ဆေးပစ္စည်းဆိုင်ရာပြပွဲ ကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၁၇**

မြန်မာ-အိန္ဒိယ စီးပွားရေးလုပ်ငန်းရှင်များအဖွဲ့ချုပ် (Myanmar India Business Chamber) နှင့် အိန္ဒိယနိုင်ငံ ဆေးဝါးတင်ပို့မှု အရောင်းမြှင့်တင်ရေးကောင်စီ (Pharmaceuticals Export Promotion Council Ministry of Commerce & Industry, Govt. of India)တို့၏ ပူးပေါင်းစီစဉ်မှု၊ မြန်မာနိုင်ငံ ဆေးနှင့်ဆေးပစ္စည်း ကုန်သည်များ လုပ်ငန်းရှင်များအသင်း၏ စုစည်းမှုဖြင့် မြန်မာ-အိန္ဒိယ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးတက်ခိုင်မြဲရေး ရည်ရွယ်ချက်ဖြင့် အိန္ဒိယနိုင်ငံ ဆေးနှင့် ဆေးပစ္စည်း ဆိုင်ရာ ပြပွဲ (Indian Pharmaceuticals Exposition 2011)ကို ဖေဖော်ဝါရီ ၁၇ ရက်မှ ၁၉ ရက်အထိ ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ ကုန်သည်ကြီးများ ဟိုတယ် Ball Room ၌ နေ့စဉ် နံနက် ၉ နာရီခွဲမှ ညနေ ၄ နာရီခွဲထိ ပြသမည် ဖြစ်သည်။

ပြပွဲတွင် မြန်မာ-အိန္ဒိယ နှစ်နိုင်ငံ ဆေးနှင့်ဆေးဘက်ဆိုင်ရာ သတင်းအချက်အလက်ဖလှယ်နိုင်ရေး၊ ဆေးနှင့်ဆေးပစ္စည်း ကုန်သွယ်မှုတိုးမြှင့်နိုင်ရေးတို့အတွက် ပြည်တွင်း၊ ပြည်ပကုမ္ပဏီ ၃၁ ခုတို့မှ ပြခန်း ၃၁ ခန်းဖြင့် အိန္ဒိယနိုင်ငံထုတ် ဆေးဝါးနှင့်ဆေးဘက်ဆိုင်ရာ ပစ္စည်းတို့ကို ပြသမည်ဖြစ်ရာ စိတ်ပါဝင်စားသူမည်သူမဆို လာရောက်လေ့လာကြည့်ရှုနိုင်သည်။**(ဝဲပုံ)**

ယနေ့ ပြပွဲပထမနေ့တွင် နှစ်နိုင်ငံ စီးပွားရေးလုပ်ငန်းရှင်များ တွေ့ဆုံပွဲ (Business Matching) ကျင်းပပြီးနောက် ဖေဖော်ဝါရီ ၁၉ ရက်အထိ မီးယပ်နှင့် သားဖွားဆိုင်ရာ နောက်ဆုံးပေါ် နည်းပညာရပ်များနှင့် သက်ဆိုင်သည့် ဆွေးနွေးဟောပြောပွဲကို ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# ဟော့ရှော့-၃ ဇာတ်ကားပြသမည်

**ရန်ကုန် ဖေဖော်ဝါရီ ၁၇**

ဖေဖော်ဝါရီ ၁၈ ရက် (သောကြာနေ့)တွင် ရန်ကုန်မြို့လယ် ရုပ်ရှင်ရုံများဖြစ်သည့် သမ္မတ၊ သွင်နှင့် မင်္ဂလာရုံတို့တွင် လပ်ကီးဆဲဗင်း ရုပ်ရှင်နှင့် ဗီဒီယိုထုတ်လုပ်ဖြန့်ချိရေးမှ အကြည်တော်၏ ဇာတ်လမ်းဇာတ်ညွှန်းကို ဒါရိုက်တာ ညီညီထွန်းလွင်၊ တွဲဖက်ဒါရိုက်တာ ဩရသတို့ရိုက်ကူးသည့် **ဟော့ရှော့- ၃** ဇာတ်ကားပြသမည်ဖြစ်သည်။ ဤဇာတ်ကားမှာ ပရိသတ်အကြိုက်ဟာသဇာတ်မြူးဖြစ်ပြီး ရန်အောင်၊ ရဲအောင်၊ လွင်မိုး၊ သူထူးစံ၊ မိုးအောင်ရင်၊ မို့မို့မြင့်အောင်၊ မေခလာ၊ မေသန်းနု၊ သက်မွန်မြင့်၊ အယ်လ်ဆိုင်းဇီတို့နှင့်အတူ သရုပ်ဆောင်များစွာ ပါဝင်ကြသည်။

**နိုင်ငံခြားရုပ်ရှင်**

ရှေ့ဆောင်ရုံတွင် လူတစ်ပိုင်း မြွေတစ်ပိုင်းဘဝဖြင့် ကျင်လည်နေရသူ အမျိုးသမီးတစ်ဦး၏ ချစ်သူအတွက် ကလဲ့စားချေပုံကို ရိုက်ကူးထားသည့် HISSSS ဇာတ်ကားနှင့် နေပြည်တော်ရုံတွင် တစ်ခေတ်တစ်ချိန်က ကျော်ကြားခဲ့သည့် ဂါလီဘာဇာတ်လမ်းတွဲများမှ GULLIVER'S TRAVELS စွန့်စားခန်း ဇာတ်ကားပြသမည်ဖြစ်သည်။ (ကြေးမုံ)

**ဟော ရှော့ - ၃ ဟာသ ဇာတ် ကား မှ ဇာတ် ဝင် ခန်း တစ် ခန်း ကို တွေ့ ရ စဉ်။**

# မန္တလေးအသင်း(ရန်ကုန်)နှစ်ပတ်လည်အစည်းအဝေးကျင်းပမည်

**ရန်ကုန် ဖေဖော်ဝါရီ ၁၇**

မန္တလေးအသင်း(ရန်ကုန်)၏ (၃၄)ကြိမ်မြောက် အသင်းသားစုံညီနှစ်ပတ်လည် အစည်းအဝေး၊ တစ်သက်တာစာပေဆုရ ဆရာကြီး ဒေါက်တာခင်မောင်ညွှန့်အား ဂုဏ်ပြုပွဲ၊ နိုင်ငံတော်ကချီးမြှင့်သည့် ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်ရရှိသူများအား ဂုဏ်ပြုပွဲ၊ (၃၅)ကြိမ်မြောက် ပညာရည်ချွန်ဆုပေးပွဲနှင့် မန္တလေးချမ်းသာကြီး ဆန်လှူအသင်းတို့ ဆွမ်းဆန်တော်ငွေလှူဒါန်းပွဲ အခမ်းအနားကို မတ် ၆ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် အမှတ်(၁၂) စကားဝါလမ်းရှိ တိပိဋကကျောင်းတော် ငွေရတုခန်းမ၌ ကျင်းပမည်ဖြစ်သည်။ ပါရဂူဘွဲ့ရရှိသူများ၊ တက္ကသိုလ်ဝင် စာမေးပွဲတွင် ဂုဏ်ထူးရရှိသူ အသင်းဝင်များ၏ သားသမီးများသည် အထောက်အထားများဖြင့် စာရင်းပေးသွင်းနိုင်ပြီး ပါဝင်လှူဒါန်းလိုသူများသည် အသင်းတိုက် အမှတ်(၂၄၃/၂၄၅) (ပထမထပ်) ဗိုလ်အောင်ကျော်လမ်း ကျောက်တံတား မြို့နယ် ရန်ကုန်မြို့ ဖုန်း-၃၈၄၀၁၄သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။ အသင်းနာယကများ၊ အလုပ်အမှုဆောင်များ၊ အသင်းသား၊ အသင်းသူများ၊ မန္တလေးအနွယ်ဝင်များ တက်ရောက်ကြရန် နှိုးဆော်ထားကြောင်း သိရသည်။ (သတင်းစဉ်)

# ဝမ်းမြောက်ဂုဏ်ယူပါကြောင်းနှင့် ဆုမွန်ကောင်းတောင်းခြင်း

ရောဝတီဘဏ်လီမိတက်၏ မိတ္ထီလာဘဏ်ခွဲကို ၁၀.၁.၂၀၁၁ ရက်နေ့တွင် အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့သည့်အတွက် ဝမ်းမြောက်ဂုဏ်ယူပါကြောင်းနှင့် ဆတက်ထမ်းပိုးတိုးတက်အောင်မြင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ဦးမျိုးလွင်+ဒေါ်သန်းသန်းနွဲ့ (KMLပဲမျိုးစုံရောင်းဝယ်ရေး)
ကိုလင်းလင်း+မဖြူဖြူနှင်း (လင်းလင်းပဲမျိုးစုံရောင်းဝယ်ရေး)


## နိုင်ငံတကာ အားကစားသတင်းများ — ဟန်သစ်

# ဘာစီလိုနာအား တစ်ကြိမ်မျှ အနိုင်မရခဲ့သည့် အစဉ်အလာကို အာဆင်နယ်ချိုးဖျက် ရိုးမားအသင်း အိမ်ကွင်းတွင် ရှုံးပွဲကြုံခဲ့

လန်ဒန် ဖေဖော်ဝါရီ ၁၇

**ချန်ပီယံလိဂ် ၁၆ သင်းအဆင့်ရှုံးထွက် ပထမအကျော့၏ ဒုတိယနေ့ပွဲစဉ်များကို ကြာသပတေးနေ့ နံနက်ပိုင်းက ကျင်းပခဲ့ရာ အမ်းမရိတ်တွင် အာဆင်နယ်က ဘာစီလိုနာကို အနိုင်ရခဲ့ပြီး ရိုးမားမှာ အိမ်ကွင်း၌ ရှုံးပွဲကြုံခဲ့ရသည်။**

အာဆင်နယ်အတွက် ချေပဂိုး သွင်းပေးခဲ့သည့် ဗန်ပါစီ။

### အာဆင်နယ် ၂-၁ ဘာစီလိုနာ

အိမ်ရှင်အာဆင်နယ်အသင်းတွင် ဆက်ဇီနီ၊ ကိုစီရယ်နီ၊ ဒီဂျိုရူး၊ ကလစ်ချီ၊ အီဘိုယေး၊ ဖာဘရီဂက်စ်၊ နာဆရီ၊ ဝေါလ်ကော့ (ဘန်တနာ)၊ ဆောင်း(အာရှာဗင်)၊ ဝီရှိုင်းယားနှင့် ဗန်ပါစီတို့ဖြင့် လူစုံခဲ့သည်။ ဘာစီလိုနာတွင် အသင်းခေါင်းဆောင် ပူယို မပါဝင်သော်လည်း ဗဲလ်ဒစ်၊ ဒင်နီရယ်၊ ပီကေး၊ မက်စ်ဝဲလ်၊ အဘီဒယ်၊ ဇာဗီ၊ အင်နီယေစတာ၊ ဘတ်ကွက်စ်၊ ဒေးဗစ်ဗီလာ၊ မက်ဆီနှင့်ပက်ဒရိုတို့ ပါဝင်ကစားခဲ့သည်။

ဘာစီလိုနာအသင်းသည် အာဆင်နယ်အသင်းအပေါ် ဘောလုံးပိုင်ဆိုင်မှု ၆၆ ရာခိုင်နှုန်းရှိခဲ့ပြီး ပထမပိုင်း ပွဲချိန် ၂၆ မိနစ်တွင် ဒေးဗစ်ဗီလာ၏ သွင်းဂိုးဖြင့် ဦးဆောင်နိုင်ခဲ့သည်။ သို့သော် ဒုတိယပိုင်းတွင် အာဆင်နယ် တိုက်စစ်မြှင့်တင်လာခဲ့ရာ ၇၈ မိနစ်တွင် ဗန်ပါစီက ချေပဂိုးနှင့် ၈၃ မိနစ်တွင် အာရှာဗင်က အနိုင်ဂိုးတို့ကို သွင်းယူခဲ့သည်။ အာဆင်နယ်အသင်းသည် ဘာစီလိုနာအား သမိုင်းတစ်လျှောက် တစ်ကြိမ်တစ်ခါမျှ အနိုင်မရခဲ့သည့် အစဉ်အလာကိုလည်း ချိုးဖျက်နိုင်ခဲ့သည်။

ဘာစီလိုနာမှ မက်ဆီ အာဆင်နယ်နောက်တန်းကို ကျော်ဖြတ်ရန် ကြိုးစားစဉ်။

### ရိုးမား ၂-၃ ရှက်တာဒိုးနက်

အီတလီမြေတွင် ကစားခဲ့သည့် ရိုးမားနှင့် ရှက်တာဒိုးနက်တို့ပွဲတွင် ဧည့်သည် ယူကရိန်းကလပ် ရှက်တာဒိုးနက်က သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

ရိုးမားအတွက် ဂိုးများကို ပွဲချိန် ၂၆ မိနစ်တွင် ပါရော့တာနှင့် ၆၁ မိနစ်တွင် မင်နက်ဇ်တို့က သွင်းယူခဲ့ပြီး ရှက်တာဒိုးနက်အတွက် ချေပဂိုးနှင့် အနိုင်ဂိုးတို့ကို ပွဲချိန် ၂၉ မိနစ်တွင် ဂျက်ဆင်၊ ၃၆ မိနစ်တွင် ကော့စ်တာနှင့် ၄၁ မိနစ်တွင် အက်ဒရီယာနိုတို့က သွင်းယူပေးခဲ့ကြသည်။ ရိုးမားအသင်းသည် နောက်တစ်ဆင့်တက်ရေး ဒုတိယအကျော့အဝေးကွင်းပွဲစဉ်တွင် ခြေကုန်ထုတ်ရုန်းကန်ရတော့မည်ဖြစ်သည်။ ***အင်တာနက်။***

## မြန်မာနိုင်ငံ အထက်ပိုင်းဒေသများ နေရာကွက်ကျား မိုးရွာနိုင်

နေပြည်တော် ဖေဖော်ဝါရီ ၁၇

### ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာခဲ့ပြီး ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ကာ ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် အများအားဖြင့် သာယာခဲ့သည်။ **ညအပူချိန်များမှာ** စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်ထိ ပိုခဲ့ပြီး ပဲခူးတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်ထိ လျော့နည်းခဲ့ကာ ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ **ထူးခြားသည့် ညအပူချိန်များမှာ** ဟားခါးမြို့တွင် ၃ ဒီဂရီစင်တီဂရိတ်၊ နမ့်စန်မြို့၊ ပင်လောင်းမြို့နှင့် ဟဲဟိုးမြို့တို့တွင် ၄ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်မှာ** ပူတာအိုမြို့တွင် သုည ဒသမ ၁၇ လက်မဖြစ်သည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေ။** ။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

**ဖေဖော်ဝါရီ ၁၈ ရက် ညနေထိခန့်မှန်းချက်။** ။ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးရွာနိုင်ပြီး ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

**မြန်မာ့ပင်လယ်ပြင်တွင်။** ။ လှိုင်းအသင့်အတင့်ရှိမည်။

**နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။** ။ မြန်မာနိုင်ငံအထက်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးရွာနိုင်သည်။

**နေပြည်တော်**နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးရွာဖွယ်ရာရှိသည်။ ရွာရန်ရာနှုန်း ၄၀ ဖြစ်သည်။

**ရန်ကုန်မြို့**နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

**မန္တလေးမြို့**နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။


## စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ အမှတ်(၇)ရပ်ကွက်၊ ဗိုလ်အောင်ကျော်လမ်း၊ အမှတ်(၃၈၉/က)နေ ဦးရန်ဝင်း- ဒေါ်သိန်းမြင့် (လှိုင်ထိပ်ထားအထည်နှင့်စတိုး)တို့၏သား၊ ဗိုလ်ကြီးငြိမ်းမင်းသူ-မချောစုလှိုင်၊ ကိုဇော်မင်း-မချောစုမာ၊ မချောစုသန္တာတို့၏ညီ/မောင်

**မောင်ထက်ဝေယံ (3rd Year Geography)**

နှင့်

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ အမှတ်(၁၄)ရပ်ကွက်၊ ဗိုလ်အောင်ကျော်လမ်း၊ အမှတ်(၂၆၉/က)နေ ဦးသန်းမြင့် (ဥက္ကဋ္ဌ မိုးကုတ်ဝိပဿနာမေ့ရိပ်သာ အဖွဲ့ခွဲအမှတ်-၁၄၆)-ဒေါ်ကျင်ထွေး(အောင်သိဒ္ဓိ သက်န်းတိုက်)တို့၏သမီး၊ ကိုစိုးမင်းအောင်၏ညီမ၊ မောင်အေးချမ်းအောင်၊ မောင်ခန့်ဇေသူတို့၏အစ်မ

**မဆွေဆွေသက် (B.C Tech Hons:)**

တို့သည် ၄-၂-၂၀၁၁ရက်(သောကြာနေ့)တွင် နှစ်ဖက်သောမိဘဆွေမျိုးများနှင့် မိတ်သင်္ဂဟများရှေ့မှောက်၌ စေ့စပ်ကြောင်းလမ်းပြီးဖြစ်ပါကြောင်း။

**နှစ်ဖက်သောမိဘများနှင့်**
**မောင်ထက်ဝေယံ-မဆွေဆွေသက်**

## စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့နေ
ဦးဝင်းနိုင်ဦး-ဒေါ်မေစန်းစန်းတို့၏ တစ်ဦးတည်းသောသား

**မောင်စည်သူနိုင်လင်း**
**B.A.Eco,Dip in Hospitality**

နှင့်

ရန်ကုန်မြို့နေ
ဦးအောင်သန်းမြင့် (လက်ထောက်အင်ဂျင်နီယာ-ပြည်သူ့ဆောက်လုပ်ရေး)-ဒေါ်ခင်ရီတို့၏သမီး

**မကြည်ပြာအောင်**
**B.Sc(Biomedical Science)(Monash University)**

တို့သည် ၅-၂-၂၀၁၁ ရက်တွင် Traders Hotel မင်္ဂလာခန်းမ၌ နှစ်ဖက်သော မိဘဆွေမျိုးများ၊ ဂုဏ်သရေရှိ လူကြီးမင်းများ ရှေ့မှောက်တွင် စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

**နှစ်ဖက်သောမိဘများနှင့်**
**မောင်စည်သူနိုင်လင်း-မကြည်ပြာအောင်**



**ပန်းချီ၊ စန္ဒရား၊ အော်ဂင်**
569485, 09-5152759 (နွေ)
Classes & Home
**အင်္ဂလိပ်စကားပြော နိုင်ငံခြားသွားသူများအမြန်နှင့်Grammar**
**ဦးငွေဝင်း Ph:73095202**



❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။

❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။

❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။

❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

## ပြည်သူ့ဆန္ဒသဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။

☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။

☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။

☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။

☆ RFA, DVB - သွေးထိုးနေသည်။

☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား - နားမယောင်လေနဲ့ သတိထား။

# သံပေါင်တင်လုပ်ငန်းများ ဆောင်ရွက်နေပြီဖြစ်သော ရေဝတီတံတား (ညောင်တုန်း)

သတင်းဆောင်းပါး-ခရမ်းစိုးမြင့်
ဓာတ်ပုံ-ကျော်မိုးလွင်

**ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အထူးစီမံကိန်းကြီးအဖွဲ့(၅)ဟု စာတန်းထိုးစိုက်ထူထားသည့် ရောင်စုံအလံကလေးများက ဧရာဝတီမြစ်ကမ်းနံဘေးတွင် တလူလူ လွင့်လျက်ရှိသည်။**

ကျွန်တော်တို့အဖွဲ့ကိုတင်ဆောင်လာသော စူပါဆလွန်းကားကလေးသည် ဗိုလ်မြတ်ထွန်းတံတားကြီး ညောင်တုန်းဘက်အဆင်းမှ ညာဘက်ချိုးကွေ့၍ ဧရာဝတီမြစ်ကမ်းနားရှိ မြေသားလမ်းအတိုင်းမောင်းလာခဲ့ရာ ခဏအကြာ၌ ရေဝတီတံတား(ညောင်တုန်း) ရှင်းလင်းဆောင်သို့ ရောက်ရှိလာခဲ့သည်။

ညောင်တုန်းမြို့နယ် ကြိမ်ပင်ဆယ်ဘက်ကမ်းရှိ ရေဝတီတံတား (ညောင်တုန်း) ရှင်းလင်းဆောင်နှင့် **စာမျက်နှာ ၇ ကော်လံ ၁ သို့** ❖

## အချိန်အခါမဟုတ် မိုးရွာမည်

**နေပြည်တော် ဖေဖော်ဝါရီ ၁၇**

ယနေ့နံနက် ၉ နာရီခွဲအချိန် မိုးလေဝသတိုင်းထွာချက်များအရ ယနေ့မွန်းတည့်မှ နောက် ၂ ရက်အတွင်း စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးရွာနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။

(သတင်းစဉ်)

**မဟာတ္တမဂန္ဒီကြီး၏ အကြမ်းမဖက်ရေးလမ်းစဉ်ကို လိုက်နာကျင့်သုံးမည်ဆိုပါလျှင် မိမိနှင့် သဘောထားမတိုက်ဆိုင်သည့် အစိုးရတစ်ရပ် ဘေးကျပ်နံကျပ်ဖြစ်စေရန်၊ မြန်မာပြည်သူများ ဒုက္ခရောက်စေရန် လုပ်ဆောင်ခဲ့သည့် စီးပွားရေးပိတ်ဆို့ဒဏ်ခတ်ရန်တောင်းဆို ထောက်ခံအားပေးခဲ့ခြင်းကို ပြန်လည်ရုပ်သိမ်းသင့်။**

ငါးမင်းဆွေ၏ "အကြမ်းမဖက်ရေးလမ်းစဉ်ဖြင့်သာ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးကို ဖော်ဆောင်နိုင်မည်" ဆောင်းပါး စာမျက်နှာ ၈၊ ၉